မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ်(၄၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖော်ဆောင်နိုင်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများကို အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို လက်ကိုင်ထားပြီး သွေးစည်းညီညွတ်စွာဖြင့် တားဆီးကာကွယ်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၉)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ယနေ့အချိန်အခါသမယသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် ကြိုးပမ်းမှုသမိုင်းတွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို နယ်ချဲ့တို့လက်မှ ပြန်လည်ရယူနိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ် ထက်မြက်မြင့်မားစွာဖြင့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီးကို စတင်လှုပ်ရှားဆောင်ရွက်ခဲ့သည့် (၈၉)နှစ်မြောက် အမျိုးသားနေ့ဖြစ်ပါသည်။

အစဉ်ထာဝရ မော်ကွန်းတင်

အမျိုးသားဝံသာနုရက္ခိတတရားကို အရင်းခံ၍ မြန်မာတို့၏လူမှုစီးပွားရေးဘဝနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုကြီးမှတစ်ဆင့် တစ်မျိုးသားလုံး၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာမှ နိုင်ငံတော်၏လွတ်လပ်ရေးအောင်ပန်းကို အရှိန်အဟုန်ဖြင့် တက်လှမ်းရယူနိုင်ခဲ့သဖြင့် အဆိုပါလှုပ်ရှားမှုကြီး စတင်ခဲ့သည့်နေ့ကို အမျိုးသားနေ့အဖြစ် အစဉ်ထာဝရ မော်ကွန်းတင်ထားရမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Yukio Hatoyama တို့ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr.Yukio Hatoyama တို့သည် နိုဝင်ဘာ ၇ရက် မွန်းလွဲ ၁နာရီခွဲတွင် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

(၈၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

11-11 (01).pmd 1 11/11/2009, 3:55 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၁ရက်)

ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းလှုပ်ရှားမှုများတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါခဲ့သော အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်သည့် အမျိုးသားနေ့သည် ယနေ့ဆိုပါလျှင် (၈၉)နှစ်မြောက်တိုင်ခဲ့ပြီဖြစ်သည်။

(၈၉)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်များဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်အောင်မြင်ရေးစသည်တို့ကို တိုင်းရင်းသားပြည်သူများက အမျိုးသားရေးခံယူချက်အပြည့်အဝဖြင့် လိုက်နာကျင့်သုံး အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားဝံသာနုရက္ခိတစိတ်ဓာတ် မြင့်မားသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ့်ရိုးရာဓလေ့တို့ကို အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများ ဖြစ်သည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာသမျှကို နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ ရှုပ်ရှုပ်ချုံချုံ တွန်းလှန်အောင်မြင်နိုင်ခဲ့သည်။

နယ်ချဲ့တို့၏ ကိုလိုနီကျွန်ပညာရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို သက်ဆိုးရှည်စေရန် ရည်ရွယ်ထားသည့် ပညာရေးစနစ်ဖြစ်ခဲ့ရာ ယင်းစနစ်ကိုဆန့်ကျင်သည့် ၁၉၂၀ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှုသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလှုပ်ရှားမှုသန္ဓေကို ဖြစ်တည်ရှင်သန်လာစေခဲ့သဖြင့် မော်ကွန်းတင်ရမည့်နေ့ ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့သည် ခေတ်သစ်ကိုလိုနီစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လျက် နယ်ပယ်အသီးသီးတွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေခြင်းကို တိုင်းရင်းသားပြည်သူများက အမျိုးသားရေးသတိဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုးတက်ပြောင်းလဲလာသည့် နိုင်ငံတကာပညာရေးစနစ်နှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရန် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ တိုင်းရင်းသားပြည်သူများသည် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအရင်းခံ၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၁-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၅။ မေးမြန်းစူးစမ်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၂၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၃၀ ၉။ ကျန်းမာသုတ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Mail Box
- ၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၂၁)
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၁၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဖြေလိုက်ပါ
- ၂၂။ ICT သုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၁၄)

ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းအခြေအနေများနှင့် ဟားခါး၊ ဖလမ်းမြို့နယ်များအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၅ရက် နံနက်ပိုင်းက ဟားခါးမြို့ မြို့သစ်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)ကိုလည်းကောင်း၊ ကလေး-ဖလမ်း-ဟားခါးလမ်းရှိ ပင်လောင်းမျိုး လက်ဖက်စိုက်ခင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

စပါးစိုက်ခင်း

ယင်းနောက် ကလေး-ဖလမ်း-ဟားခါးလမ်းရှိ ဟားခါး-ဖလမ်းလမ်းပိုင်းနှင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရမ်ထလိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ လက်ဖက်စိုက်ခင်းနှင့် စပါးစိုက်ခင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပေးအပ်

ထို့နောက် ကျောင်းခန်းမ၌ ဆရာ ဆရာမများနှင့် ရပ်မိ ရပ်ဖများအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့သည် ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ဆက်လက်၍ ရမ်ကလောင်းကျေးရွာ ရမ်ကလောင်းခြံ လက်ဖက်စိုက်ခင်းနှင့် လိုင်ဗားရေအားလျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့ ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိ၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဖလမ်းမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး တင်ပြချက်များနှင့် လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နယ်မြေခံတပ်ရင်း လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ ဆေးဗားရေအားလျှပ်စစ်စက်ရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဖလမ်းမြို့နယ် လုမ်းဘန်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့သည် ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများနှင့် တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေတို့ကို ပေးအပ်ကြပြီး ကွန်ပျူတာစာသင်ခန်းနှင့် ကျောင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

မြေထိန်းနံရံ

ထို့နောက် လမ်းပိုင်းအခြေအနေများ၊ လမ်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံများ ဆောင်ရွက်ထားရှိမှုနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅၁/၂)ရှိ လမ်းတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကလေး-ဖလမ်း-ဟားခါးလမ်းပိုင်းအခြေအနေများနှင့် တီးတိန်လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးစန်းတင့်ရီနှင့် ဦးစိန်လှိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယမန်နေ့နံနက်၁၀နာရီက တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ၁၀ မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ခုနှစ် တရားစီရင်ရေးဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှုငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုစွန်တောင် အထက(၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

အထက(၂) ပုစွန်တောင်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၈၂ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီတွင် ပုစွန်တောင်မြို့နယ် အထက(၂) တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆက်အသွယ်မရသေးသော အဝေးရောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ ဆက်သွယ်ကြရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဆရာမဒေါ်တင်ရွှေ ဖုန်း-၂၉၆၂၆၈၊ ဆရာမဒေါ်ခင်အေးမြ ဖုန်း-၂၉၇၁၆၇၊ ဦးအောင်ခင် ဖုန်း-၃၇၄၃၉၅၊ ၀၉-၅၀၀-၀၇၅၀၊ ဦးကြည်စိန် ဖုန်း-၃၉၇၇၇၄၊ ၀၉-၅၁-၄၀၃၉၉၊ ဦးတင်စိုး ဖုန်း-၇၂၀၇၀၃၊ ၇၀၄၈၂၇၊ ဦးအောင်ဝင်း ဖုန်း-၂၄၀၅၀၉၊ ၀၉-၅၀-၀၁၄၈၂၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀-၀၄၃၇၁ နှင့် ဒေါ်ခင် မမ ဖုန်း-၀၉-၅၁-၂၇၇၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၅)

အမှတ် ၂၆၉/၂၇၂ ဗိုလ်ရွဲလမ်း (၂/ခ)ရပ်ကွက် မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်စန်းရီတို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူစဉ်။ (သတင်းစဉ်)

ခေတ်သစ်ကိုလိုနီနယ်ချဲ့ နိုင်ငံကြီးအချို့ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် လွှမ်းမိုးခြယ်လှယ်ရန်ကြိုးပမ်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကိုအခြေခံသည့် အမျိုးသားရေးသတိဖြင့် အစဉ်တွန်းလှန်ဖယ်ရှား

✱ ရှေ့ဖုံးမှ

ပူးပေါင်းလက်တွဲ

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်းဟူသော နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်မြက်မြင့်မားသူများဖြစ်ကြသဖြင့် မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက်တွင် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပူးပေါင်းလက်တွဲ၍ ရှပ်ရှပ်ချွံချွံ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ခြင်းဖြင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ပါသည်။

တွန်းလှန်ဖယ်ရှား

မျက်မှောက်ကာလတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့နိုင်ငံကြီးအချို့သည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး နယ်ပယ်အသီးသီးတွင် လွှမ်းမိုးခြယ်လှယ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် အမျိုးသားရေးသတိဖြင့် အစဉ်တွန်းလှန်ဖယ်ရှားသွားရမည် ဖြစ်ပါသည်။

ကာကွယ်တားဆီး

လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးဖော်ဆောင်နိုင်ရေး၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းတစ်ပါးမှ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုများကို အမျိုးသားရေး ဦးတည်ချက်များဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအစရှိသည့် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး သွေးစည်းညီညွတ်စွာဖြင့် ကာကွယ်တားဆီးသွားရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်

ကမ္ဘာနဲ့အဝန်း သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် နိုင်ငံတကာပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်မည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကိုချမှတ်ပြီး နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ပါသည်။

ပြင်ဆင်ဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက တစ်ခဲနက်ထောက်ခံအတည်ပြုပေးခဲ့ပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများကို ၂၀၁၀ခုနှစ်မှာ ဆက်လက်ကျင်းပပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

စိစစ်ရွေးချယ်

နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်ဘဝ ကောင်းမွန်တိုးတက်ရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးအတွက် ယုံကြည်အားထားရမည့် ကိုယ်စားလှယ်များကို အလေးထားစိစစ်ရွေးချယ်ပေးကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ (၈၉)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်-

(၁) ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊

(၂) အမျိုးသားပညာရည်မြင့်မားရေး၊

(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊

(၄) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး၊

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန်အပြည့်အဝ စိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဂျပန်နိုင်ငံ Ministry of Interaffair and Communication ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန်အတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား နိုဝင်ဘာ ၆ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Ministry of Interaffair and Communication ဒုတိယဝန်ကြီး Mr. Akira Terasaki သည် ဗီယင်ကျန်းမြို့ရှိ Chan Don Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာ၌ ရုပ်မြင်သံကြားထုတ်လွှင့်မှုဆိုင်ရာ နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁၉၇၄-၁၉၇၇ခုနှစ် ဓာတု/ကုန်ထုတ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများ မြတ်ဆရာ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၄-၁၉၇၇ခုနှစ် ဓာတုဗေဒ၊ ကုန်ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို လာမည့် ဒီဇင်ဘာ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်း ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဓမ္မာရုံကြီး၌ ကျင်းပရန်စီစဉ်ထား သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများသည် အလှူငွေများကို ဦးလှသိန်း ဖုန်း-၂၂၄၄၀၀၊ ၂၁၅၄၅၆၊ ၀၉-၅၀-၁၃၄၆၉၊ ဦးကျော်မိုးစိန် ဖုန်း-၆၅၀၅၇၉၊ ဦးလှမောင်ရွှေ ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၀၉-၅၁-၄၇၉၇၄၊ ဦးလှဝင်း-၃၈၇၄၉၂၊ ၀၉-၅၁၊ ဦးထွန်းထွန်း ဖုန်း-၀၉-၅၀-၈၂၀၂၇၊ ၂၉၃၃၆၆၊ ဦးအောင်သူမြိုင် ဖုန်း-၀၉-၈၀-၂၀၂၉၉၊ နွေနွေအောင် ဖုန်း-၀၉-၅၁-၁၃၂၄၃၊ ၂၂၅၅၀၂၊ တင်တင်ဝင်း ဖုန်း-၂၅၆၉၈၉၊ ၃၈၃၈၀၂-၃၊ မေအေးမြင့် ဖုန်း-၆၆၀၂၆၈၊ ၀၉-၅၁-၄၆၄၄၇၊ သန်းသန်းနွယ် ဖုန်း- ၆၆၀၅၉၂၊ ၀၉-၅၁-၂၄၁၆၀၊ ခင်မလေး ဖုန်း-၆၄၂၈၃၅နှင့် ရဆုဘီ ဖုန်း-၂၅၃၃၁၉၊ ၀၉-၅၁-၀၃၃၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘားအံဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၀

ဦးဝင်းဇော်ဦး(စစစ)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးကြီး ကျော်သန်းဌေး (ဘားအံတပ်နယ်)၊ ဒုတိယရဲမှူးစိုးသန်း၊ ဦးကျော်ဝင်း (ဇာတိနွယ်)၊ ဦးမျိုးမြင့်အောင်တို့နှင့်အတူ အောက်တိုဘာ ၂၉ရက် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1H No.1 ဘောလုံးကို Callaway H 14 Iron No.1 သံတုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာအဝေး၌ ရှိသော အမှတ်(၅)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားကြရန် ဗင်နီဇွဲလားသမ္မတ တိုက်တွန်းနှိုးဆော်

ကရာကတ်စ် နိုဝင်ဘာ ၁၀

ဗင်နီဇွဲလားနှင့် ကိုလံဘီယာနယ်စပ်တွင် သံတမန်ရေးနှင့်တကွ နယ်စပ်တင်းမာမှုများ တစ်နေ့တခြား ကြီးထွားလာသည့်အတွက် ကိုလံဘီယာနှင့်ဖြစ်လာနိုင်သည့် စစ်ပွဲအတွက် အဆင်သင့်ပြင်ဆင်ထားကြရမည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က သူ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို တိုက်တွန်းနှိုးဆော်လိုက်သည်။

စစ်ပွဲကိုရှောင်လွှဲနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ စစ်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရန်ပင်ဖြစ်သည်ဟုလည်း ဟူဂိုချာဗက်ဇ်က ပြောကြားသည်။

နည်းလမ်းရှာဖွေ

ကိုလံဘီယာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အမေရိကန်နိုင်ငံများအဖွဲ့(အိုအေအက်စ်)တို့ထံမှ အကူအညီရယူရန် နည်းလမ်းရှာဖွေသွားမည်ဟု ကိုလံဘီယာသမ္မတ ယူရိုက်က ပြောကြားလိုက်သည်။

ရောက်ရှိ

ဗင်နီဇွဲလားနှင့် ကိုလံဘီယာတို့ အိမ်နီးချင်းတင်းမာမှု ဖြစ်ပွားနေရခြင်းမှာ ကိုလံဘီယာနှင့် အမေရိကန်တို့စစ်ရေးအရ နီးကပ်စွာဆက်ဆံနေခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် သူပုန်များနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအား တိုက်ခိုက်ရန် ကိုလံဘီယာသို့ ရောက်ရှိနေခြင်းသာဖြစ်သည်ဟု ကိုလံဘီယာနိုင်ငံက ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ကမူ မိမိတို့၏ဦးတည်ချက် မပျောက်ပျက်ဘဲ စစ်ပွဲအတွက် ပြင်ဆင်ထားရေးကိုသာ နှိုးဆော်တိုက်တွန်းကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် နယ်စပ်သို့ တပ်ဖွဲ့ဝင် ၁၅၀၀၀ စေလွှတ်ရန်လည်း အမိန့်ပေးထားသည်။

(အင်တာနက်)

ကားစက်ရုံလုပ်ငန်းခွင်

နိုဝင်ဘာ ၁၀ ရက်က ဂျာမနီနိုင်ငံ ဒင်ဂိုလ်ဖင်းမြို့ရှိ ဘီအမ်ဒဗလျူမော်တော်ကားစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မှောင်ခိုဆင်စွယ်အများအပြား ဂါဘွန်နိုင်ငံ၌ သိမ်းဆည်းခဲ့

လစ်ဗာဗီး နိုဝင်ဘာ ၁၀

ဂါဘွန်နိုင်ငံ အရှေ့မြောက်ပိုင်း အော်ဂူး-အီဗန်ဒိုပြည်နယ်၌ မှောင်ခိုဆင်စွယ်ကီလိုဂရမ် ၂၀၀ ကျော် သိမ်းဆည်းနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကြိုးပမ်း

အဆိုပါဆင်စွယ်များကို သစ်တင်သည့် မော်တော်ယာဉ်ပေါ်တွင် အိတ်ခြောက်အိတ်ဖြင့် ခိုးဝှက်သယ်ဆောင်လာခြင်းဖြစ်ပြီး လစ်ဗာဗီးမြို့သို့ တရားမဝင်သယ်ဆောင်ရန် ကြံစည်ခြင်းဖြစ်ကြောင်း သိရသည်။

အန္တရာယ်ပေး

ဂါဘွန်နိုင်ငံ၌ ဆင်ရိုင်းများသတ်ဖြတ်ခြင်းကို တင်းကျပ်စွာ တားမြစ်ထားသော်လည်း ဆင်ရိုင်းခိုးဖမ်းသူများသည် ဆင်ရိုင်းများကို သတ်ဖြတ်အန္တရာယ်ပေးနေဆဲပင်ဖြစ်သည်။ ***(အင်တာနက်)***

အိုကီနာဝါကျွန်း၌ အမေရိကန်တပ်စခန်းထားရှိမှု ထောင်ပေါင်းများစွာသော ဂျပန်ပြည်သူတို့ကန့်ကွက်

ဂီနိုဝမ် နိုဝင်ဘာ ၁၀

အမေရိကန်မရိန်းတပ်စခန်းကို မိမိတို့ဒေသမှ ပြောင်းရွှေ့ဖယ်ရှားပေးရန် တောင်းဆိုကြသည့် ဂျပန်ပြည်သူထောင်ပေါင်းများစွာတို့သည် အိုကီနာဝါကျွန်း၌နိုဝင်ဘာ ၈ရက်က ကန့်ကွက်ဆန္ဒပြကြသည်။

အမေရိကန်သမ္မတ အိုဘားမား ဂျပန်နိုင်ငံသို့ မလာရောက်မီ ရက်ပိုင်းအတွင်းတွင် အိုကီနာဝါကျွန်းရှိ ဂျပန်ပြည်သူများက ယင်းသို့ ဆန္ဒပြကြခြင်းဖြစ်သည်။

အမေရိကန်မရိန်းတပ်စခန်း ပြောင်းရွှေ့ပေးရန် ဆန္ဒပြတောင်းဆိုသူ ၂၁၀၀၀ရှိကြောင်း စည်းရုံးလှုံ့ဆော်သူများက ပြောကြားသည်။ အိုကီနာဝါကျွန်း၏ အနာဂတ်အရေးကို မိမိတို့ပြည်သူများကသာ ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ အမေရိကန်တို့ကိုဆုံးဖြတ်ခွင့်မပေးနိုင်ကြောင်း ဆန္ဒပြသူများက ကြွေးကြော်ကြသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ နိုဝင်ဘာ ၉ရက်က စက်သုံးဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေကြသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်သို့ တပ်ဖွဲ့ဝင်များထပ်လွှတ်ရန် အမေရိကန်ကြည်းတပ်ဦးစီးချုပ် တိုက်တွန်း

ဝါရှင်တန် နိုဝင်ဘာ ၁၀

အမေရိကန်သမ္မတ အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ မဟာဗျူဟာသစ်ချမှတ်ရေး ဆုံးဖြတ်မည့်ဆဲဆဲတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန် အမေရိကန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျော့ကာဆေးက နိုဝင်ဘာ ၈ရက်၌ တိုက်တွန်းလိုက်သည်။

ထောက်ခံပြောဆို

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင် ၄၀၀၀၀ ထပ်မံစေလွှတ်ရန် အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့် နေတိုးတပ်မှူးဗိုလ်ချုပ်ကြီးစတန်လီမက်ခရစ္စတယ်က ထောက်ခံပြောဆိုထားပြီးဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကြီး ဂျော့ကာဆေးကမူ ထပ်မံစေလွှတ်ရမည့် တပ်ဖွဲ့ဝင်ဦးရေ အတိအကျကို မပြောကြားပေ။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်-ဘရာဇီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပုံမှန်တိုးတက် ကောင်းမွန်လျက်ရှိ

ပေကျင်း နိုဝင်ဘာ ၁၀

တရုတ်နှင့်ဘရာဇီး ဖွံ့ဖြိုးဆဲနှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး အဆင်ပြေချောမွေ့စေရေးအတွက် သတင်းဖလှယ်ရေးအစီအစဉ် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု တရုတ်နိုင်ငံအနေဖြင့် မျှော်လင့်ပါကြောင်း နိုဝင်ဘာ ၉ရက်တွင် တရုတ်ကွန်မြူနစ်ပါတီ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဖရန့်ကင်းမာတင်နှင့် ပေကျင်းမြို့၌တွေ့ဆုံစဉ် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာနကြီးမှူး လူယန်ရှန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ကောင်းမွန်

၄င်းနှစ်နိုင်ငံ ကုန်သွယ်မှု၊ ယဉ်ကျေးမှု၊ ပညာရေး၊ နည်းပညာနှင့် သတင်းဖလှယ်မှုဆိုင်ရာနယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပုံမှန်တိုးတက်ကောင်းမွန်လျက်ရှိကြောင်း လူကပြောကြားလိုက်သည်။

(အင်တာနက်)

မိုဂါဒစ်ရှူး၌ တိုက်ပွဲဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိ

မိုဂါဒစ်ရှူး နိုဝင်ဘာ ၁၀

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၌ နိုဝင်ဘာ ၈ရက်က ဆိုမာလီတပ်ဖွဲ့ဝင်များနှင့် အယ်လ်ရှာဘတ် စစ်သွေးကြွများ အပြင်းအထန်တိုက်ပွဲဖြစ်ပွားစဉ်အတွင်း လက်နက်ကြီးများ အသုံးပြုပစ်ခတ်သဖြင့် အရပ်သားခြောက်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

သေဆုံး

ဒဏ်ရာရရှိသူများအား မိုဂါဒစ်ရှူးမြို့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။မကြာသေးမီက အာဖရိကသမဂ္ဂ (အီးယူ)တပ်ဖွဲ့ဝင်များနှင့် ဆိုမာလီတပ်ဖွဲ့ဝင်များကတစ်ဖက်၊ အကြမ်းဖက်သမားများက တစ်ဖက် တိုက်ပွဲဖြစ်ပွားခဲ့ရာမှ မိုဂါဒစ်ရှူးမြို့ခံ ပြည်သူအများအပြား သေဆုံးခဲ့ကြရသည်။

ထိခိုက်ပျက်စီး

ဆိုမာလီနိုင်ငံသည် ၁၉၉၁ခုနှစ်တွင် ဆီယက်ဘာရီအစိုးရ နောက်ပိုင်း တည်ငြိမ်စွာ အုပ်ချုပ်နိုင်ခြင်းမရှိတော့ဘဲ ၁၈နှစ်ကြာ ပြည်တွင်းစစ်ပွဲအတွင်း တိုင်းပြည်မှာ အကြီးအကျယ် ထိခိုက်ပျက်စီးသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ကျန်ကျင်းပြည်နယ် ဟန်ကျိုမြို့၌ တည်ဆောက်ဆဲ အဆောက်အအုံ ပြိုကျပြီးနောက် အပျက်အစီးများအကြား ကယ်ဆယ်ရေးဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အဂတိလိုက်စားမှု အာဖဂန်၌ ပပျောက်ရေး သမ္မတကာဇိုင်းဆောင်ရွက်

ဝါရှင်တန် နိုဝင်ဘာ ၁၀

အာဖဂန်နစ္စတန်နိုင်ငံသမ္မတ ဟာမစ်ကာဇိုင်းက သူ့အစိုးရအဖွဲ့တွင်းမှ အဂတိလိုက်စားမှု ပပျောက်အောင် ဆောင်ရွက်နေကြောင်း နိုဝင်ဘာ ၉ရက်က အသံလွှင့်ကြေညာသည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်။

ထုတ်ဖော်ပြောကြား

သို့သော် အဂတိလိုက်စားမှု ပြဿနာမှာ နိုင်ငံခြားငွေကြောင့် ပိုမိုဆိုးရွားသွားစေသည်ဟုလည်း သမ္မတကာဇိုင်းက ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ၌ နျူကလီးယားနှင့်ပတ်သက်၍ အန္တရာယ်ကင်းဘေးရှင်းဟုဆို

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၀

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်တိုက်လုံခြုံရေးနှင့်ပတ်သက်၍ ပါကစ္စတန်စစ်ဘက်နှင့် သဘောတူညီချက်ရရှိရန် အမေရိကန်ပြည်ထောင်စုက စေ့စပ်ဆွေးနွေးနေသည်ဆိုသည့်သတင်းမှာ မဟုတ်မမှန်ကြောင်း ပါကစ္စတန်နိုင်ငံက ပြတ်ပြတ်သားသားငြင်းဆိုလိုက်သည်။

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားပစ္စည်းများသည် လုံးဝအန္တရာယ်ကင်းပြီး လုံခြုံမှုရှိကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ခွင့်ပြုမည်

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားနှင့် မဟာဗျူဟာအဆောက်အအုံများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချဉ်းကပ်မှုဟူသမျှကို ပါကစ္စတန်နိုင်ငံက ဘယ်သောအခါမျှ ခွင့်ပြုမည်မဟုတ်ကြောင်းဖြင့်လည်း ကြေညာချက်တွင်ဖော်ပြထားသည်။ **(အင်တာနက်)**

ကယားပြည်နယ် ပန်တိန်းဒေသ၌ ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဝင်းမြင့် တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် စွပ်ပိုင်ဒေသ၌ ကယားပြည်နယ်အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ကချင်ပြည်နယ် ဂန့်ဂွင်း၊ လုပီ၊ စင်ကြိုင်ဒေသတို့၌ ၂၀၀၉ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့သည်။

တက်ရောက်

လုပီဒေသနယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သော ပြောင်းလဲမှုကြီး တစ်ရပ်အဖြစ် မော်ကွန်းတင်ကျန်ရစ်စေမည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ ရရှိပြီဖြစ်သဖြင့် ပြည်သူလူထု၏ အားကိုးထောက်ခံမှုကို အပြည့်အဝရရှိကြတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အစိုးရအကြီးအကဲများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် နယ်ခြားစောင့်တပ်မှ အရာရှိ၊ စစ်သည်အပေါင်းတို့သည် နိုင်ငံတော်အပေါ်၌ လည်းကောင်း၊ ပြည်သူလူထုအပေါ်၌လည်းကောင်း အပြည့်အဝ သစ္စာရှိပြီး တာဝန်သိစိတ်ဖြင့် ရိုးသားကြိုးစားကာ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ကြစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့အတူ ဂန့်ဂွင်းနှင့် စင်ကြိုင်ဒေသတို့တွင် ကျင်းပသည့် နယ်ခြားစောင့်တပ်များ ဖွင့်လှစ်သည့် အခမ်းအနားများသို့လည်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ကချင်အထူးဒေသ(၁)မှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၅၀ခန့် တက်ရောက်ခဲ့ကြပြီး တပ်ဖွင့်လှစ်ခြင်း အခမ်းအနားကို အစီအစဉ်တကျ ကျင်းပခဲ့ကြကြောင်းနှင့် အခမ်းအနားများအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခြင်း၊ ဒေသခံပြည်သူလူထုများနှင့်အတူ တိုင်းရင်းသားရိုးရာ အကများကို ပျော်ရွှင်စွာ ကခုန်ဆင်နွှဲခြင်းတို့ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ကချင်ပြည်နယ် လုပီဒေသ၌ ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK) အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပရာ ကချင်ပြည်နယ် အထူးဒေသ(၁) အဖွဲ့ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ကချင်ပြည်နယ် အထူးဒေသ(၁) အဖွဲ့ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းနှင့် ဒေသခံပြည်သူလူထု စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အသစ်ဖွင့်လှစ်သည့် တပ်နေရာ အသီးသီး၌ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များတပ်ဆင်၍ ခန့်အပ်တာဝန်ပေးခြင်းများဆောင်ရွက်ခဲ့ပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းနှင့် ကချင်ပြည်နယ် အထူးဒေသ(၁) အဖွဲ့ခေါင်းဆောင် ဦးဇခုန်တိန့်ယိန်းတို့က အမှာစကားအသီးသီး ပြောကြားခဲ့ကြသည်။

အားသစ်လောင်း

ဦးဇခုန်တိန့်ယိန်းက ပြောကြားရာတွင် ဤနေ့သည် မြန်မာနိုင်ငံတော်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှနေထိုင်လာခဲ့သည့် တိုင်းရင်းသားလူမျိုးများ၏ ရာဇဝင်သမိုင်းတွင် ထူးခြား တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန် အရေးသုံးပါးကို မွန်မြတ်သော ရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက်ရသည့် နယ်ခြားစောင့်တပ်အဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်သည် ငြိမ်းချမ်းရေးမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးအား အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် အားသစ်လောင်းမှုပင်ဖြစ်ကြောင်း၊ တစည်းတလုံးတည်းဖြစ်သော တပ်မတော်အတွင်း ပါဝင်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမည်ဆိုလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို မည်သူမျှ ဖြိုခွဲနိုင်မည်မဟုတ်ကြောင်း၊ တရားဥပဒေဘောင်အတွင်း လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရသည့် တာဝန်ကို ဂုဏ်ယူစွာ ထမ်းရွက်နိုင်ခွင့်

ကယားပြည်နယ် စွပ်ပိုင်ဒေသ၌ ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်းအခမ်းအနားတွင် တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုခြင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

11-11 (05).pmd 1 11/11/2009, 3:55 PM

● ရှေ့ဖုံးမှ

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Katsuya Okada ၊ အစိုးရအဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် H.E.Mr. Yorihisa Matsuno၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Yukio Hatoyama အား တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေး ပူးတွဲ သတင်းစာရှင်းလင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေးအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၇ရက် နံနက် ၁၀နာရီခွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ Official Resident ၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Yukio Hatoyama ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဖွန်းတို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေး ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မဲခေါင်နိုင်ငံများကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးချုပ်များက ရှင်းလင်းပြောကြားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ Official Resident ၌ ကျင်းပသည့် ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီး အစည်းအဝေးပွဲအပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ပထမအကြိမ် အခြေခံပညာအဆင့် ပြည်နယ်နှင့်တိုင်း အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထင်လင်းပြည့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အမျိုးသား

အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မွန်ပြည်နယ်ကို ၄၆မှတ်–၂၀မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းက ကရင်ပြည်နယ်ကို ၅၂မှတ်–၂၉မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ၈၇မှတ်–၅၈မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ပဲခူးတိုင်းကို ၄၈မှတ်–၃၂မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသမီး

အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မွန်ပြည်နယ်ကို ၃၉မှတ်–၁၉မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းက ကရင်ပြည်နယ်ကို ၅၃မှတ်–၁၄မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ရန်ကုန်တိုင်းကို ၃၉မှတ်–၃၆မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဆက်လက်ကျင်းပမည်

ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ရက် နံနက် ၈နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၀၉–၂၀၁၀ ပညာသင်နှစ် ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက် (၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် မွန်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေး ဒုတိယနေ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုဝင်ဘာ ၇ရက် နံနက်ပိုင်းက တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ကျင်းပသည့် ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်သည်။

တက်ရောက်

ပထမအကြိမ် မဲခေါင်–ဂျပန် ထိပ်သီးအစည်းအဝေး ဒုတိယနေ့ကို ဂျပန်နိုင်ငံဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ နံနက် ၉နာရီ၌ စတင်ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Yukio Hatoyama ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဖွန်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ကျင်းပပြီးစီး

ထိပ်သီးအစည်းအဝေးတွင် မဲခေါင်–ဂျပန် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးကြပြီး လာမည့်ကာလများတွင် မဲခေါင်–ဂျပန် ထိပ်သီး အစည်းအဝေးကို သုံးနှစ်တစ်ကြိမ် ဂျပန်နိုင်ငံက လက်ခံကျင်းပရန်နှင့် ကျန်နှစ်များတွင် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပသည့်နိုင်ငံ၌ ပူးတွဲကျင်းပသွားရန် ညှိနှိုင်းသဘောတူကြကာ နံနက် ၁၀နာရီခွဲတွင် ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

၂၀၁၀ ခုနှစ် အာရှ U-19 ဘောလုံးခြေစစ်ပြိုင်ပွဲနှင့် အာရှU-16 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

အာရှဘောလုံးအဖွဲ့ချုပ် (AFC)က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အာရှ U-19 ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ဘောလုံးပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Zibo Sports Centre ၌ လည်းကောင်း၊ ထိုင်းနိုင်ငံ အာရှ U-16 အမျိုးသမီးဘောလုံးပြိုင်ပွဲကိုဗန်ကောက်မြို့၌လည်းကောင်း ကျင်းပလျက်ရှိရာ မြန်မာလူငယ်အမျိုးသားဘောလုံးအသင်းနှင့်မြန်မာလူငယ် အမျိုးသမီး ဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ကျင်းပခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zibo Sports Centre ၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သောပြိုင်ပွဲ၌ မြန်မာလူငယ်အသင်းက ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံ (DPRK) အသင်းကို လေးဂိုးဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သောပြိုင်ပွဲတွင် မြန်မာလူငယ် အမျိုးသမီးအသင်းက အိမ်ရှင်ထိုင်းအသင်းကို နှစ်ဂိုး–လေးဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ကြသည်။

ယှဉ်ပြိုင်ကစား

နိုဝင်ဘာ ၁၁ ရက်တွင် ၂၀၁၀ ခုနှစ် အာရှ U-19 ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ဘောလုံးပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Zibo Sports Centre ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ မြန်မာလူငယ်အမျိုးသား ဘောလုံးအသင်းနှင့် GUAM ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အာဆီယံပြန်ကြားရေးဝန်ကြီးများနှင့်အတူ နိုဝင်ဘာ ၅ ရက်တွင် ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Sisoulith အားတွေ့ဆုံနှုတ်ဆက်ပြီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းအား ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

> ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒသမအကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးမှတ်တမ်းနှင့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေး ဝန်ကြီးများအစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဆွေးနွေး

ဆက်လက်၍ ဝန်ကြီးသည် ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံကို တစ်ခုတည်းသော လူမှုအသိုက်အဝန်းကြီးအဖြစ် တည်ဆောက်ရာတွင် ပြန်ကြားရေးလုပ်ငန်းများကို ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် အာဆီယံနိုင်ငံများအတွင်း သတင်းအချက်အလက်များ ပိုမိုဖလှယ်ခြင်း၊ အစီအစဉ်များ ပူးပေါင်းထုတ်လုပ်ခြင်း၊ အာဆီယံသတင်းများကို နိုင်ငံတကာက ပိုမိုသိရှိအောင် ပူးပေါင်းဆောင်ရွက်ခြင်း၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လေ့ကျင့်သင်တန်းပေးမှုများ ပိုမိုပြုလုပ်ခြင်းစသည့် ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွင် နည်းပညာနှင့် အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များ ပူးပေါင်းထုတ်လုပ်ရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပကတိ အခြေအနေမှန်များကို အာဆီယံပြည်သူများနှင့် နိုင်ငံတကာက နားလည်စေရန်အတွက် မီဒီယာများက မျှမျှတတ၊ မှန်မှန်ကန်ကန် ဘက်မလိုက်ဘဲ သတင်းပေးပို့ထုတ်ပြန်မှုများ ပြုလုပ်စေရန်နှင့် မီဒီယာများ၏ လူ့အဖွဲ့အစည်းအပေါ် တာဝန်ရှိမှု Social Responsibility ကို ထိန်းသိမ်းရန်အတွက် မီဒီယာကျင့်ဝတ်များကို ဝိုင်းဝန်းထိန်းသိမ်းရေး စသည့် ကဏ္ဍသုံးခုတွင် ဆောင်ရွက်သင့်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ဒသမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှပြန်ကြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုဝင်ဘာ ၆ ရက်တွင် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့ပြီး ဒသမအကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး မှတ်တမ်းနှင့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးမှတ်တမ်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အစည်းအဝေး မှတ်တမ်းများကို လက်မှတ်ရေးထိုးခဲ့သည်။

ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများအစည်းအဝေးသို့ အာဆီယံနိုင်ငံများအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပြန်ကြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၀ ၇။ အဆိုပြိုင်ပွဲ
၈း၁၀ ၈။ တေးဂီတအစီအစဉ်
၈း၂၅ ၉။ အမျိုးသားနေ့တေးများ
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ **ငှက်တစ်သောင်း**
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ သီချင်းကြီး ပဒေသာ
၄း၃၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၀ ၉။ အမျိုးသားနေ့တေးများ
၅း၄၀ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆း၃၅ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀ ၁၅။ ရာသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၃၀ ၁၆။ ဝတ်မှုံတေးဂီတဖျော်ဖြေခန်း
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျိုးနိုးဝေဝေချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၂၁)
၂၁။ **မြတ်မျိုးမြင့်မှန်** ပြေတီဦး၊ မေစန္ဒာစိုးညွန့် (ဒါရိုက်တာ-ဟန်မြင့်)
၂၂။ အစီအစဉ်ပြီး၏။

ဘားအံ-ရွှေဂွန်းသွား ခရီးသည်တင်သင်္ဘောအား ကေအင်နယူအကြမ်းဖက်သောင်းကျန်းသူများ

လက်နက်ငယ်များဖြင့် ပစ်ခတ် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၁၀

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံမှ ရွှေဂွန်းသို့ နေ့ချင်းပြန်ပြေးဆွဲသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ စောဥမ္မာခရီးသည်တင်သင်္ဘောသည် ရွှေဂွန်းရွာမှ ယနေ့နံနက်ပိုင်းတွင် စတင်ထွက်ခွာလာရာ တကောင် ဘိုးရွာသို့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီး နံနက် ၇ နာရီ ၂၀ မိနစ်တွင် တကောင် ဘိုးရွာမှ ဆက်လက်ထွက်ခွာလာစဉ် ကေအင်နယူအကြမ်းဖက်သောင်းကျန်းသူ ၂၀ ခန့်က ကမ်းစပ်မှ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် သင်္ဘောပေါ်မှ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ကူညီပံ့ပိုး

အဆိုပါ ပစ်ခတ်မှုဖြစ်စဉ်တွင် အပြစ်မဲ့ပြည်သူသုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူနှစ်ဦးအား ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒေသအာဏာပိုင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူများနောက်သို့ နယ်မြေခံစစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် ပထမအကြိမ် အာဆီယံ+၃ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် တက်ရောက်လာသော နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အင်အားပြင်း မြေငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၀ရက် မြန်မာစံတော်ချိန် ၀၉နာရီ ၂၁မိနစ် ၁၂စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် မိုင် ၇၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (နီကိုဘားကျွန်းစု၊အိန္ဒိယနိုင်ငံ)တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဂျပန်နိုင်ငံ တိုကျိုမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၀

ဂျပန်နိုင်ငံ တိုကျိုမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့လယ်နှင့် Tokyo Bay Oasis တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တိုကျိုမြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး Aqua Line Tunnel မှ Tokyo Bay Oasis သို့ ရောက်ရှိကြရာ တာဝန်ရှိသူများကကြိုဆိုကြကာ Tokyo Bay Oasis နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Tokyo Bay Oasis တည်ဆောက်ထားရှိမှုနှင့် ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

Tokyo Bay Aqua Line Tunnel သည် ငလျင်ဒဏ်ခံနိုင်ရည်ရှိပြီး ၁၅ဒသမ၅ကီလိုမီတာရှည်လျားကာ Kanagawa နှင့် Chiba ဒေသကို ဆက်သွယ်ထားသည်။ ၉ဒသမ၅ကီလိုမီတာ ရှည်လျားသည့်လိုဏ်ခေါင်းနှင့် ၄၄ကီလိုမီတာ ရှည်လျားသည့်တံတား ပေါင်းစပ်ဆောက်လုပ်ထားသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးသော အကျယ်အဝန်းရှိသည့် ပင်လယ်ရေအောက်လိုဏ်ခေါင်းဖြစ်သည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့လယ်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂါရဝပြု တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Katsuya Okada သည် နိုဝင်ဘာ ၇ရက် ညနေ ၅နာရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New Otani Hotel, Edo ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်အထက်လွှတ်တော်အမတ် ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်-မြန်မာချစ်ကြည်ရေးဆိုင်ရာ ပါလီမန်အမတ်များအသင်းဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ် H.E. Mr. Hideo Watanabe သည်နိုဝင်ဘာ ၇ရက် မွန်းတည့်၁၂နာရီတွင် တိုကျိုမြို့ရှိ New Otani Hotel, Edo ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့တက်ရောက်ကြပြီး ဂျပန်အထက်လွှတ်တော်အမတ်နှင့်အတူ The Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့် Sasakawa Foundation ဥက္ကဋ္ဌ Mr. Akinori Seki တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး Mr. Katsuya Okada ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New Otani Hotel, Edo ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်-မြန်မာချစ်ကြည်ရေးဆိုင်ရာပါလီမန်အမတ်များ အသင်းဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Hideo Watanabe တိုကျိုမြို့ရှိ New Otani Hotel, Edo ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

အရှေ့ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်မှအပ တစ်ပြည်လုံးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ

ာ်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့ Tokyo Bay Oasis တည်ဆောက်ထားရှိမှုနှင့် ပတ်ဝန်းကျင်အခြေအနေကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပထမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပထမအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေး တက်ရောက်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၈ရက် နံနက်၉နာရီတွင် ခေတ္တတည်းခိုသည့် တိုကျိုမြို့ရှိ New Otani Hotel မှ ထွက်ခွာပြီး ပို့ဆောင်နှုတ်ဆက်ကြသည့် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရောက်ရှိ

ယင်းနောက် နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘုမ္မိ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား သုဝဏ္ဏဘုမ္မိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့်သံရုံး၊စစ်သံရုံးဝန်ထမ်းများ၊မိသားစုများက ကြိုဆိုကြသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သုဝဏ္ဏဘုမ္မိအပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမဆောင်၌ ခေတ္တရပ်နားရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Suthep Thuagsuban ကလာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သုဝဏ္ဏဘုမ္မိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ကြပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

…ျုပ်ကြီးသိန်းစိန်အား …ကြီး ဂါရဝပြု တွေ့ဆုံ

… ၁၀

…ကြီးသိန်းစိန်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး …ရီတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New Otani …

…န်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး …ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဂျပန်နိုင်ငံဆိုင်ရာ …ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး …ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် … **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Katsuya Okada ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New Otani Hotel, Edo ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ New Otani Hotel တွင် ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီးအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာအောင်လုပ်ဆောင် သံရုံး၊ စစ်သံရုံးမိသားစုဝင်များ ချစ်ခင်စည်းလုံးစွာ တာဝန်ကျေပွန်စွာဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးလှမြင့်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနှင့် ဇနီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများသည် နိုဝင်ဘာ ၈ရက် နံနက် ၈နာရီခွဲတွင် တိုကျိုမြို့ရှိ ခေတ္တတည်းခိုသည့် New Otani Hotel ၌ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ လာရောက်ဂါရဝပြု တွေ့ဆုံကြသည်။

ကျေပွန်စွာဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုဝင်များအား ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေနှင့် ချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာအောင် လုပ်ဆောင်သွားရေး၊သံရုံး၊ စစ်သံရုံးမိသားစုဝင်များ ချစ်ခင်စည်းလုံးစွာဖြင့် ပေးအပ်သောတာဝန်ကို ကျေပွန်စွာဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သံရုံး၊ စစ်သံရုံးမိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(သတင်းစဉ်)**

…ရှ့ပိုင်းဒေသများ၌ …ကျား မိုးထစ်ချုန်းရွာနိုင်

…န်ကုန် နိုဝင်ဘာ ၁၀

…၌အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ … က ရန်ကုန်တိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်း …၌လုံးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ …င်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် …ချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်း …ာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီ … နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ဒီဂရီ …း မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန် …တ်၊ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှ …င်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် …ချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်မှာ လှိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၇ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၈ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကိုကိုးကျွန်းတွင် ဝ၁သမ၁၂လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၁၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်တိုင်းမ် ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၀

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၅၊ အမှတ် ၄၄ တွင် Political Times အထူးအချပ်ပိုအပါအဝင် အမျိုးသားရေးစိတ်ဓာတ်မှသည် နိုင်ငံလွှမ်းခြုံအကျိုးစီးပွားဆီသို့၊ (၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီ ဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ ပါဝင်ပတ်သက်မှု သိသာသိစေ မမြင်စေနဲ့၊ ဆရာဦးကိုကိုလှိုင်၏ နိုင်ငံရေးသမားနှင့် နိုင်ငံ့မိဘ၊ ဆရာနေဇင်လတ်၏ တူသောအသိသို့ စသည့်နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ သေချာရေရာမှုရှိသည့် တိုးတက်မှုများအား ရှေးရှုလျက် မြန်မာအစိုးရနှင့် ဆက်လက် လက်တွဲလုပ်ဆောင်သွားမည်ဟု အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးပြောကြား၊ အာဆီယံဟိုင်းဝေးလမ်းမကြီးရှိ လာအိုစက်မှုဇုန်ကြီးကို မြန်မာကုမ္ပဏီက ကန်ထရိုက်ရယူ၊ ပလတ်စတစ်အိတ်ပါးလုပ်ငန်းရှင်များ လုပ်ငန်းပြောင်းလိုလျှင် စည်ပင်က အမြန်ဆုံးဆောင်ရွက်ပေးမည်၊ မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းနှင့် ရေနံတင်ဆိပ်ကမ်းစတင်ဆောက်လုပ်၊ ရန်ကုန်-ကိုကိုးကျွန်း လေ့လာရေးခရီးတွင် ကြယ်ငါးပွင့်က ပထမဆုံးပြေးဆွဲ၊ ဒေသကြီး ၁၁ခုသို့ ရတနာပုံဘောလုံးအကယ်ဒမီလူရွေးပွဲ ခရီးစဉ်စတင်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဆေးမင်ကြောင်ယဉ်ကျေးမှုအကြောင်း၊ သုံးမိနစ် မန်နေဂျာကဏ္ဍမှ အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုဆိုတာ၊ ကြင်ရာဖက်ရသွားပေမယ့် အနုပညာအလုပ်တွေဆက်လုပ်သွားမယ့် ဟေမာန်အောင်အောင်နှင့်တွေ့ဆုံခြင်း စသည့်ဖျော်ဖြေရေးကဏ္ဍများ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

စုံလင်စွာပါရှိ

အာဆီယံထိပ်သီးဆွေးနွေးပွဲက ဒေသဆိုင်ရာ အရေးကိစ္စများအတွက် အကောင်းဆုံးဖော်ဆောင်နိုင်သော အစည်းအဝေးအဖြစ်ရှိနေဆဲ၊ အမေရိကန်ဒေါ်လာ အမှန်တကယ်နိဂုံးချုပ်တော့မည်လား၊ စင်ကာပူသန့်ရှင်းရေး လှုပ်ရှားမှုနှစ်၄၀ တိုင်လေပြီ၊ လေယာဉ်မှူးများ လေယာဉ်မောင်းစဉ် လက်ပ်တော့အသုံးပြုမှုသတိပြု၊ အလုပ်တွင်အထိုင်များသော အမျိုးသားများသတိထား၊ စင်ကာပူဆေးရုံသစ်နှစ်ရုံတွင်ခန့်အပ်ရန် ဆေးဝန်ထမ်း ၁၅၀၀လိုအပ်နေ၊ အမျိုးသမီးခြောက်ယောက်ကို မုဒိမ်းကျင့်သတ်ဖြတ်သည့် မုဒိမ်းလူသတ်သမားအဖမ်းခံရ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ **(သတင်းစဉ်)**

(၈၉)နှစ်မြောက် အမျိုးသားနေ့ ဂုဏ်ပြုဆောင်းပါး

မျိုးချစ်စိတ်ဖြင့် နိုင်ငံတည်တာ....မြန်မာ

သိမ့်(စီးပွားရေးတက္ကသိုလ်)

*"အမိနိုင်ငံတော်ကိုတည်ဆောက်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း" သည် အချုပ်အခြာပိုင် နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံး အရာဖြစ်ပေသည်။ သို့ဆိုလျှင် အရေးအကြီးဆုံးသောအရာကို ခိုင်ခံ့မြဲမြံသောဝတ္ထုဖြင့်သာ အုတ်မြစ်ချအခြေပြုရာ၏။ ခိုင်ခံ့မြဲမြံသောဝတ္ထုမှာကား **"မျိုးချစ်စိတ်"** ပင်တည်း။*

မျိုးချစ်စိတ်ဟူသည် မိမိ၏နိုင်ငံ၊ လူမျိုးနှင့် ယဉ်ကျေးမှုအား မြတ်နိုးလေးစား တန်ဖိုးထားခြင်းဖြစ်သည်။ နိုင်ငံတော်တည်တံ့ခိုင်မြဲရန်အတွက်ဆိုလျှင် မိမိ၏အသက်ကိုပင် စွန့်လွှတ်စွန့်စားဝံ့သော စိတ်ဓာတ်လည်းမည်ပေ၏။ ဤသည်မှာ နိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ရေးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံလက္ခဏာရပ်လည်းဖြစ်ပေ၏။ မိမိ၏နိုင်ငံ၊ လူမျိုးနှင့် ယဉ်ကျေးမှုကို မိမိကမှ ကာကွယ်စောင့်ရှောက်မှုမပြုလျှင် မည်သူက ကာကွယ်စောင့်ရှောက်မည်နည်း။ နိုင်ငံသားတစ်ဦးစီ၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်သည် မည်မျှအရေးပါပါသနည်း။ မျိုးချစ်စိတ်ကိုအခြေပြု၍ နိုင်ငံတော်ကိုတည်ထောင်လျက် ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ မြန်မာတို့၏ လေးမြတ်သောအစဉ်အလာပင် မဟုတ်ပါလော။

မြန်မာတို့သည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်တရားဥပဒေဖြင့် ထည်ဝါတင့်တယ်စွာ နေထိုင်ခဲ့ကြပါသည်။ နယ်ချဲ့တို့သည် အရင်းရှင်စီးပွားရေးပိုမိုကြွယ်ဝလာစေရန် မြန်မာနိုင်ငံကို ၁၈၂၄ခုနှစ်တွင် ပထမအကြိမ်၊ ၁၈၅၂ခုနှစ်တွင် ဒုတိယအကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တတိယအကြိမ်စစ်ပွဲများဆင်နွှဲကာ သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာတို့၏ အချုပ်အခြာအာဏာသာမက အမျိုးသားယဉ်ကျေးမှုနှင့် အတွေးအခေါ်များပါ ညှိုးမှိန်ခဲ့ရပါသည်။ နယ်ချဲ့အုပ်ချုပ်မှုနှင့်အတူ နယ်ချဲ့ယဉ်ကျေးမှုနှင့် အတွေးအခေါ်များ စိမ့်ဝင်လွှမ်းမိုးလာခဲ့ပါသည်။

ထိုသို့ အမျိုးသားရေးအမွေအနှစ်များ ပျောက်ကွယ်လုလုအခြေအနေတွင် မျိုးချစ်စိတ်ကိုပြသ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သော သမိုင်းဝင်ပြယုဂ်တစ်ခုမှာ ထင်ရှားစွာပေါ်ပေါက်ခဲ့ပေသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကိုသိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း ၁၈၈၆ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပညာရေးဌာနတစ်ခုသာဖွင့်လှစ်ထားရှိကာ ကိုလိုနီပညာရေးအဖြစ်သာ သင်ကြားစေခဲ့ပါသည်။ ကိုလိုနီပညာရေးစနစ်ဟူသည် ကိုလိုနီအုပ်ချုပ်ရေးယန္တရား သက်ဆိုးရှည်စွာ လည်ပတ်နိုင်ရေးအတွက် အမှုထမ်းကောင်းများမွေးထုတ်ပေးရန် ရည်ရွယ်သည့် ပညာရေးစနစ်ဖြစ်သည်။ ၁၈၇၈ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကိုဖွင့်လှစ်ခဲ့ပြီး သီးခြားတက္ကသိုလ်ဖွင့်ရန်ကိုမူ မသိကျိုးကျွံပြုခဲ့ပါသည်။ မြန်မာတို့သည် ၁၉၀၆ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ခေါ်)ဝိုင်အမ်ဘီအေအသင်းကြီးကိုတည်ထောင်ခဲ့ပြီး အမျိုး၊ ဘာသာ သာသနာအကျိုးအတွက် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၁၁ ခုနှစ်တွင် ပေါ်ထွက်ခဲ့သော သူရိယသတင်းစာနှင့် ၁၉၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော မြန်မာ့အလင်းသတင်းစာတို့သည်လည်း နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် တစ်တပ်တစ်အား ပံ့ပိုးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားနေ့ဟူ၍ နေ့တစ်နေ့ကိုသတ်မှတ်ရန် ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်မှ ၂၄ ရက် (မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ ၈ ရက်အထိ)မန္တလေးမြို့၌ကျင်းပသော ဂျီစီဘီအေ နဝမအကြိမ်မြောက် ကွန်ဖရင့်တွင် ဆွေးနွေးခဲ့ကြပါသည်။ ဤသို့ဖြင့် မြန်မာတို့၏မျိုးချစ်စိတ်ဖြင့် ကိုလိုနီပညာရေးအားဆန့်ကျင်ခဲ့သော မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို မြန်မာနိုင်ငံတော်၏ အမျိုးသားနေ့အဖြစ်သတ်မှတ်ရန် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက် (မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်)တွင် ရန်ကုန်မြို့ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ဆုံးဖြတ်ခဲ့ပေသည်။ အမျိုးသားနေ့မှစတင်ခဲ့သော အမျိုးသားရေးစိတ်ဓာတ်နှင့် လက္ခဏာများ မပျောက်ပျက်စေခြင်းငှာ နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့အခမ်းအနားများကို ကျင်းပလေ့ရှိသည်။

*သို့ဖြစ်လျှင် မြန်မာတို့အနေဖြင့် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရရှိစေရန် နှစ်ပေါင်း ၁၀၀ ကျော် အသက်၊ သွေး၊ ချွေး များစွာစတေး၍ ပြန်လည်ကြိုးပမ်းရယူခဲ့ရကြောင်း အစဉ်မပြတ်သတိချပ်သင့်လှပေသည်။ ထို့ပြင် ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မှန်ကန်သောအမျိုးသားနိုင်ငံရေးအသိဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သင့်လှပါသည်။ မိမိတို့နိုင်ငံ၏ ကံကြမ္မာကို မှန်ကန်စွာဖန်တီးနိုင်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ပြည့်ဝရင့်ကျက်ရန်လည်း လိုအပ်လှပေသည်။ နိုင်ငံတော်ကို နှောင့်ယှက်ဖျက်ဆီးလာမည့် မည်သည့်ပြည်တွင်း ပြည်ပအန္တရာယ်ကိုမဆို ပြည်ထောင်စုဖွားညီနောင်များအား တစ်စိတ်တစ်ဝမ်းတည်းဖြင့် တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ပေသည်။ အတိတ်သမိုင်းဆီမှ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများပျက်သုဉ်းပြီး ခါးသီးလှစွာသော သူ့ကျွန်ဘဝခံစားရမှုများ၊ နာကြည်းဖွယ်ဖြစ်ရပ်များကို သင်ခန်းစာရယူကြကာ **"မြန်မာတို့ အမျိုးပျောက်မှာကို စိုးကြောက်ကြပါ"** ဟု ဆိုချင်ပါသည်။*

မြန်မာတို့သည် တိုင်းတစ်ပါး၏ လွှမ်းမိုးကျူးကျော်လာမှုများကို သမိုင်းကြောင်းတစ်လျှောက် ရှုပ်ရှုပ်ချွံချွံတွန်းလှန်ကာ မိမိတို့၏ မြင့်မြတ်လှသော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပြသခဲ့ကြသော မျိုးချစ်သူရဲကောင်းများဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်ပျောက်ကွယ်လျှင် မိမိတို့၏ယဉ်ကျေးမှုပျက်သုဉ်းပြီး သူတစ်ပါး၏ယဉ်ကျေးမှု သွတ်သွင်းခြင်းကိုခံရပေလိမ့်မည်။ မျိုးချစ်စိတ်ဓာတ်သည် အင်အားကြီးမားလှပြီး မြန်မာ့သမိုင်းစဉ်တွင် ထာဝရရှင်သန်အပ်သည့် စိတ်ဓာတ်လည်းဖြစ်ပါသည်။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဟူသည်-

"ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။"

"ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။"

ယနေ့နိုင်ငံတစ်ခွင်တစ်ပြင်ကို ရှုမျှော်၍ ကြည့်ပါလေ။ အမိနိုင်ငံတော်ကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်သစ်အဖြစ်သို့ တည်ဆောက်လျက်ရှိပါသည်။ အမျိုးသားနိုင်ငံရေးကဏ္ဍကို မျိုးချစ်စိတ် ထက်သန်စွာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ နိုင်ငံတော်ကဏ္ဍအသီးသီး၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေရာ ပညာရေးကဏ္ဍအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပညာရည်မြင့်မားပြီး မျိုးချစ်စိတ်အခြေခံကောင်းများနှင့် ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကိုလည်း အနာဂတ်လူ့အဖွဲ့အစည်းအတွက် စေတနာ၊ အမြော်အမြင်ကြီးစွာ ပြုစုပျိုးထောင်လျက်ရှိပါသည်။

ယခုဆိုလျှင် မြန်မာ့မျိုးချစ်စိတ်ကို မှတ်ကျောက်တင်ပြခဲ့သည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် တည်ထောင်ခြင်းအားမာန်ကို ပျိုးထောင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် (၈၉)နှစ်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် မျိုးချစ်စိတ်နှင့်တကွ ရင့်ကျက်မှန်ကန်သော အမျိုးသားနိုင်ငံရေး အသိအမြင်နှင့် အမျိုးသားရေးတာဝန်များကို ဆက်လက် ထမ်းရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး၊ ဝံသာနုရက္ခိတစိတ်ဓာတ်ခိုင်မာရေး၊ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး စသည့်သမိုင်းပေးတာဝန်များ အောင်မြင်စေရေးကို ဆောင်ရွက်ကြရပေမည်။

သို့ပါ၍ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသော မြန်မာတိုင်းရင်းသားတိုင်းသည်-

"မျိုးချစ်စိတ်ဖြင့် နိုင်ငံတည်တာ...မြန်မာ" *ဟု ဂုဏ်ယူဝင့်ကြွားလျက် ကျွန်ုပ်တို့ မျိုးချစ်စိတ်ဖြင့် တည်ထောင်ခဲ့သော ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးလည်မသုန် ကြိုးပမ်းထမ်းရွက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းလိုက်ရပေသည်။ ။*

မြန်မာ့သမိုင်းစဉ် တစ်လျှောက်လုံး ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် မျိုးချစ်စိတ်နှင့်တကွ ရင့်ကျက်မှန်ကန်သော အမျိုးသားနိုင်ငံရေး အသိအမြင်နှင့် အမျိုးသားရေးတာဝန်များကို ဆက်လက်ထမ်းရွက်ကြရမည်ဖြစ်။

(၈၉) နှစ်မြောက်
အမျိုးသားနေ့

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၁-၁၁-၂၀၀၉)

အမျိုးသားနေ့ စဉ်မမေ့

* မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်း
ပြန်ပြောင်းလို့ ကြည့်တဲ့ခါ
မြန်မာတို့ဇာတိမာန်
ရှင်သန်ကာနိုးကြားလို့
အမျိုးသားတို့ရဲ့ လွတ်လပ်ရေး
အသက်, သွေး, ချွေးများ စတေးကာ
ဝံသာနုရက္ခိတစိတ်ဓာတ်နဲ့
အခြေချခဲ့တဲ့မျိုးချစ်တွေပါ။

* ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို
ထောက်ကူထားဖို့ နယ်ချဲ့အလိုကျ
ရန်ကုန်တက္ကသိုလ်အက်ဥပဒေက
စခဲ့တဲ့သည်ဇာတ်လမ်းမှာ
ဒို့မြန်မာတစ်မျိုးသားလုံး
ပေါင်းရုံးလို့ကန့်ကွက်ကြ
တက်ကြွခဲ့တဲ့ ပြည်သူတကာ
ညီညွတ်ခဲ့ကြတဲ့ ဒို့မြန်မာ။

* "အမျိုးကိုချစ်ပါ"
"ကျွန်ပညာရေးစနစ်ရပ်ဆိုင်းပါ"
မြန်မာတစ်မျိုးသားလုံးတောင်းဆိုခဲ့ကြ
"ဖိနှိပ်ခံဘဝမှလွတ်မြောက်ရေး"နဲ့
"ကိုလိုနီဘဝမှလွတ်မြောက်ရေး"မှသည်
"မြန်မာတစ်ပြည်လုံးလွတ်လပ်ရေး"အတွက်
မျိုးစေ့ချပေးခဲ့တဲ့စိတ်ဓာတ်ဟာ·
"ဝံသာနုရက္ခိတ"ဆိုတဲ့ သည်တရား။

* အမျိုးသားရေးစိတ်ဓာတ်ကိုအလေးပေး
ဇာတိသွေး, ဇာတိမာန်ကိုအခြေခံ
ရှင်သန်နိုးကြားတက်ကြွစေရေး
ဘိုးဘေးတို့ပေးခဲ့တဲ့ သည်အမွေ
ထိန်းသိမ်းစို့လေဒို့အများ
ရှေ့ဆက်သွားမည့်လမ်းစဉ်ခုနစ်ရပ်အား
အမျိုးသားရေးတာဝန်အဖြစ်ဆင်ကာနွဲ
လက်တွဲကြိုးပမ်းကြပါစို့ ဒို့ပြည်သူအများ။ ။

(၈၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

(၂၁)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၀

(၂၁)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဆေးပညာရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နိုင်ငံခြားမှဖိတ်ကြားထားသော မျက်စိဆရာဝန်ကြီးများ၊မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မျက်စိဆရာဝန်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးကျော်မြင့်နိုင်နှင့် မျက်စိဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဦးကံညွန့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဧည့်သည်များသည် မျက်စိဆေးဝါးနှင့် မျက်စိခွဲစိတ်ကိရိယာများ ခင်းကျင်းပြသထားသော ဆေးကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(၂၁)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံကို နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မျက်စိရောဂါဆိုင်ရာ စာတမ်းပေါင်း ၂၄ စောင်ကို ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈၉)နှစ်မြောက် အမျိုးသားနေ့ အကြိုဟောပြောပွဲကို နိုဝင်ဘာ ၉ ရက်က အထက(၁) သဃ်္ဃန်းကျွန်း သပြေခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်သောင်းကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံး (သဃ်္ဃန်းကျွန်း)မှ ဦးစီးအရာရှိ ဦးတင်ကို ဆွေးနွေးဟောပြောစဉ်။

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၏ အနှစ်သာရနှင့်အားမာန် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အမျိုးသားရေးအဓိပ္ပာယ်များအား

ပြည်သူများ စစ်မှန်စွာ သိမြင်ခံယူလာစေရေးအတွက် ဦးဆောင်စည်းရုံး

နေပြည်တော် နိုဝင်ဘာ ၁၀

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌွေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

စီမံဆောင်ရွက်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ရှည်နှစ်တိုပညာရေးစီမံကိန်းများချမှတ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီဆက်သွယ်ပို့ချမှု နည်းပညာရပ်များကို ထိရောက်စွာ ရယူအသုံးပြုရေး၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစံနှုန်းများ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုသည့် လုပ်ငန်းစဉ်များကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် အရေးပါဆုံးအရင်းအမြစ်များဖြစ်သော ကျောင်းသားကျောင်းသူလူငယ်များအား နိုင်ငံတော်၏ မျှော်မှန်းချက်၊ အစီအမံများနှင့်အညီ နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရေး ပြုစုပျိုးထောင်ပေးနေကြသူများဖြစ်သည့်အတွက် မြင့်မြတ်သော စွမ်းဆောင်ရှင်များအဖြစ် နိုင်ငံတော်က အသိအမှတ်ပြုထားရှိကြောင်း။

ယုံကြည်မျှော်လင့်

နိုင်ငံတော်အတွက် ပဓာနကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေကြသော ဆရာ ဆရာမများအား ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို တက်ရောက်စေခြင်းဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ် အလားအလာများနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေပြီး ဆရာ ဆရာမများအတွက်သာမက ကျောင်းသားကျောင်းသူလူငယ်များနှင့် နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းလာစေမည်ဟု ယုံကြည်မျှော်လင့်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့ကို အခြေခံသော နိုင်ငံရေးဦးတည်ချက်များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးဦးတည်ချက်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်ညီညွတ်သော လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်မှုကို အခြေခံသော လူမှုရေးဦးတည်ချက်များချမှတ်ပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ဖြန့်ကြက်တည်ဆောက်

အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများဖြစ်ထွန်းလာစေရေးအတွက် သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း။

ယခုကဲ့သို့ အစွန်အဖျားနယ်စပ်ဒေသများနှင့် ကျေးလက်ဒေသများအထိ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို ဖြန့်ကြက်လွှမ်းခြုံထားနိုင်နေပြီဖြစ်သော အခြေအနေအချိန်အခါကောင်းတွင် ဆရာ ဆရာမများအနေဖြင့် ဤအခွင့်အရေးကို ထိရောက်စွာ အသုံးချနိုင်သည်နှင့်အမျှ တစ်မျိုးသားလုံး ပညာရည်မြင့်မားတိုးတက်ရေး၊ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်လာမှာဖြစ်သည့်အပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများပါ တစ်ချိန်တည်း၊တစ်ပြိုင်တည်း အောင်မြင်ဖြစ်ထွန်းလာမှာ ဖြစ်ကြောင်း။

ကိုယ်တိုင်ပါဝင်ဆောင်ရွက်

ထို့ကြောင့် ကျေးလက်ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးကြောင်း၊ ဆရာ ဆရာမများအားလုံးအနေဖြင့် ကျေးလက်နေပြည်သူများ ပညာတတ်မြောက်စေရန်နှင့် အဆင့်မြင့်ပညာရပ်များကို အရည်အသွေး ပြည့်ပြည့်ဝဝဖြင့် ဆက်လက်ဆည်းပူးနိုင်မည့် ပညာရပ်ဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ကြရင်း မိမိကျောင်းနှင့် ရပ်ရွာ ဆက်စပ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကာလ နိုင်ငံတော်အတွက် အရေးကြီးဆုံး လိုအပ်ချက်သည် လူငယ်လူရွယ်များ အပါအဝင် တိုင်းရင်းသား ပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားခိုင်မာစေရန်ဖြစ်ကြောင်း၊ ဆရာ ဆရာမများ ကိုယ်တိုင်ကလည်း နိုင်ငံတော်အပေါ် အားထားယုံကြည်သော စိတ်ဓာတ်၊ နိုင်ငံ့ကောင်းကျိုးအတွက် မိမိတို့တတ်စွမ်းသည့်ကဏ္ဍက စွမ်းဆောင်ပေးလိုသော စိတ်ဓာတ်တို့ ပြည့်ဝခိုင်မာနေရန် အရေးကြီးကြောင်း၊ ယခုကဲ့သို့ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝခိုင်မာမှသာ အခြေအနေ အချိန်အခါအမျိုးမျိုးတွင် နိုင်ငံတော်အကျိုးအတွက် ရပ်တည်ချက်မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားများအပေါ်တွင် အခိုင်အမာ တည်ဆောက်ထားသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန်နှင့် နိုင်ငံတော်၏အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲစေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးအနေဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး တစ်မျိုးသားလုံး မျှော်မှန်းတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဖော်ဆောင်လျက်ရှိသည့် မူဝါဒလမ်းစဉ် အဆင့်ဆင့် ညင်သာချောမွေ့စွာ တက်လှမ်းနိုင်စေရန် မိမိတို့ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ကာလ၏ အရေးအပါဆုံး အမျိုးသားရေးလိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၏ အနှစ်သာရနှင့်အားမာန်၊ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၏ အမျိုးသားရေးအဓိပ္ပာယ်များအား ပြည်သူများ စစ်မှန်စွာ သိမြင်ခံယူလာစေရေးအတွက် ဦးဆောင်စည်းရုံးသွားကြရမည်ဖြစ်ကြောင်း။

ဆည်းပူးလေ့လာ

သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအနေဖြင့် ယခုတက်ရောက်ကြမည့် အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ပေါ်ထွန်းလာမည့် အနာဂတ်နိုင်ငံတော်သစ်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းခင်းဖော်ဆောင်နေမှုများကို ပိုမိုရှင်းလင်းစွာ သိမြင်လာစေရေးအတွက် ဆည်းပူးလေ့လာသွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၃၀ ၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဥပ္ပါတသန္တိကျမ်း** တရားတော် (ဆရာတော်ဘဒ္ဒန္တကုမာရ)
- ၆:၄၅ ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၇)
- ၈:၃၀ 25[th] SEA GAME အတွက် ကြိုတင်ပြင်ဆင်နေမှုများ (တိုက်ကွမ်ဒို)
- ၉:၀၀ Zaw Win Htut Emperor 25[th] Anniversary Live Show (Part-3)
- ၁၀:၁၅ အားကစားမြင်ကွင်းစုံ [ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်လှိုင် (ဟော်ကီအဖွဲ့ချုပ်)၊ အတွင်းရေးမှူး ဦးခင်မောင်လတ် (ဟော်ကီအဖွဲ့ချုပ်)]
- ၁၁:၀၅ Industrial Talk
- ၁၁:၃၅ အမျိုးသားပြတိုက်မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း
- ၁၂:၀၀ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ မြတ်သောအလှူ မြင်စိုင်းနန်းဦးစေတီတော်
- ၁၂:၁၅ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာ နန်းဝေနို့မှုန့်မှာ
- ၁၂:၄၀ Activities in the city (Chatrium Dream Wedding Fair 2009 နှင့် Lavender Bed Sheet)
- ၁:၀၀ **ဥပ္ပါတသန္တိကျမ်း** တရားတော် ဆရာတော်ဘဒ္ဒန္တကုမာရ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း ပိုက်ဆံရှိတာကောင်းတယ်၊ ပိုက်ဆံမရှိတာကောင်းတယ်
- ၃:၃၀ ဖွံ့ဖြိုးတိုးတက်ဝေဆာနေ··· တောင်ကုတ်အလှမြေ
- ၃:၅၀ အဆီအနှစ်ပြည့်ဝသော သဘာဝ အရသာ နန်းဝေနို့မှုန့်မှာ
- ၄:၀၅ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ မြတ်သောအလှူ မြင်စိုင်းနန်းဦးစေတီတော်
- ၄:၂၀ ပြည်သူများသိသင့်သောဆေးပညာ ကျင့်ဝတ်သိက္ခာများ (အပိုင်း-၄)
- ၄:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၂၀ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိင်္ဂီမြင့်၊ သရုပ်ဆောင်-မေကဗျာ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ ဗစ်တာခင်ညို
- ၆:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ တေးသံရှင်အဲလက်စ်၏ ဓာတ်ပုံထဲမှအမှတ်တရများ (အပိုင်း-၂)
- ၇:၁၀ ဗီဒီယိုပြခန်း
- ၇:၃၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Royal Floral)
- ၇:၄၅ စားချင်စဖွယ် နည်းအသွယ်သွယ် (Wonton noodle soup with vegetable and stussed squid with snow bean and orange sauce)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း ပိုက်ဆံရှိတာကောင်းတယ်၊ ပိုက်ဆံမရှိတာကောင်းတယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၁၇)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Industrial Talk
- ၁၂:၁၀ ဘိုင်းဒါးရေလှောင်တမံ
- ၁၂:၂၀ မြန်မာ့လက်မှုယွန်းအနုပညာ
- ၁၂:၄၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

11-11 (11).pmd 1 11/11/2009, 3:55 PM

ထောက်ပံ့ငွေပေးအပ်

ကယားပြည်နယ် ပန်တိန်းဒေသ၌ ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ)အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ်ဖွဲ့လှစ်ခြင်း အခမ်းအနားတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် လုပ်ဇေသ၌ ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK)အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် တပ်မတော်၏ ရာထူးအဆင့် တံဆိပ်များ တပ်ဆင်ပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

တက်ရောက်ဖွင့်လှစ်

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် ကယားပြည်နယ် အထူးဒေသ(၂) (ကလလတ) အဖွဲ့အစည်း၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကယားပြည်နယ် ပန်တိန်းနှင့် စွပ်ပိုင်ဒေသ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က စွပ်ပိုင်တွင်လည်းကောင်း၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်က ပန်တိန်းတွင် လည်းကောင်း အသီးသီး တက်ရောက် ဖွင့်လှစ်၍ အမှာစကား ပြောကြားခဲ့ကြသည်။

နယ်ခြားစောင့်တပ် ဖွင့်ပွဲ အခမ်းအနားသို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကယားပြည်နယ် အထူးဒေသ(၂)မှ ဦးထွန်းကျော်နှင့် အခြားပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်သား

တစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်း၊ တပ်မတော်၏ ရာထူးအဆင့် တံဆိပ်များတပ်ဆင်၍ ခန့်အပ်တာဝန်ပေးခြင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဖွင့်ပွဲ အထိမ်းအမှတ် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် အခမ်းအနားအပြီးတွင် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ချီးမြှင့်ထောက်ပံ့

ယခုကဲ့သို့ နယ်ခြားစောင့်တပ် ဖွဲ့စည်းခြင်းသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် နယ်စပ်ဒေသများ ထာဝရ ငြိမ်းချမ်းရေးရရှိရန်အတွက် ဥပဒေအရ တရားဝင် လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်အား ထမ်းဆောင်ရတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။ ထို့အပြင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား တပ်မတော်သားတစ်ဦး ရရှိခံစားရသည့်အတိုင်း နိုင်ငံတော်က လစာ၊ ရိက္ခာ၊အဝတ်အစားများ ချီးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့အတူ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူများကလည်း နယ်ခြားစောင့်တပ် ဖွဲ့စည်းမှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်နေ အဖ ဦးအောင်ကြည်၏သမီးများဖြစ်သော မအိဇုံချစ်အား မမင်းမင်းသော်ဟုလည်းကောင်း၊မစုပုံချစ်အား မအေးအေးငြိမ်းသူဟုလည်းကောင်း အမည်ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

စမ်းချောင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၉-D)၊ မြေကွက်အမှတ်(၄၃၉) အေ/၂၊ မြေကွက်တည်နေရာအမှတ်(၃)၊ရွှေလီလမ်း၊ကမာရွတ်မြို့နယ် မသန်းစု၊ မကြူကြူ၊ မမူမူ အမည်ပေါက်မြေပိုင်မြေအား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် $\frac{၁၀၈၅/၂၀၀၀}{၂၃-၅-၂၀၀၀}$ အရောင်းအဝယ်စာချုပ်အမှတ် $\frac{၁၇၅၀/၀၉}{၁၉-၆-၀၉}$ ဖြင့် ပိုင်ဆိုင်သူ ဦးသိန်းထွန်း ၁၂/ဗဟန(နိုင်)၀၇၈၁၀၄ က အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးအောင်စောဝင်း

ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

နှင့်

မေမေ ဒေါ်သန်းသန်းဝင်း

တို့၏

၁၁-၁၁-၂၀၀၉ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင် ဘဝခရီးလမ်းတစ်လျှောက် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်၊ ကြည်နူးချမ်းမြေ့စွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံတော်အကျိုး၊ အများအကျိုး၊ မိသားစုအကျိုး ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်ရင်း ချစ်သက် နှစ်(၁၂၀)ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သမီး-ဒေါက်တာအေးချမ်းဦး(ခ)မေအောင်စောဝင်း

ချစ်သား-ရာဇာအောင်စောဝင်း(2nd MBဆေးတက္ကသိုလ်-၁)။

အလိုတော်ပြည့်ဘုရား အဓိဋ္ဌာန်ပြုပွဲတော်

ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တအရိယဝံသ ဦးစီးကျင်းပမည့် ပုဂံညောင်ဦး အလိုတော်ပြည့် ဘုရား အဓိဋ္ဌာန်ပြုပွဲတော်ကို (၁၃၇၁ခုနှစ် နတ်တော်လပြည့်နေ့) ဒီဇင်ဘာ ၁ရက် (အင်္ဂါနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ရန်ကုန်မြို့မှ လိုက်ပါလိုသော ဓမ္မမိတ်ဆွေများအား သွားလာမှုအဆင်ပြေစေရန် မော်တော်ယာဉ်များစီစဉ်ထားပြီး ကြိုတင်လက်မှတ် ဝယ်ယူနိုင်ပါသည်။

(ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ ပြင်ဦးလွင်၊ ၄ ညအိပ် ၅ရက်)

၂၉-၁၁-၂၀၀၉ရက် ညနေ(၆း၀၀)နာရီတွင် ထွက်ခွာပါမည်။

ဆက်သွယ်ရန် - ဦးစံအောင်ကျော်-ဒေါ်မနီ

ဖုန်း-၀၉-၅၁၇-၆၆၉၃၊ ၀၁-၆၆၆၉၃၅၊ ၃၇၇၇၇၈၊

၁၀၂၊ ဆယ်မိုင်ကုန်း၊ ပြည်လမ်း။

မြေကွက်ရောင်းမည်

ဒေါပုံမြို့နယ်

ကေသုံးမူး၊

အဝီစိတွင်း၊

ပါဝါမီတာ။

ဖုန်း-၃၉၇၄၈၅။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းနိုင်၏ C.D.C 17773 နှင့် 4 TICKET ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၂-၈၅၃၄။

ငွေရတုမင်္ဂလာဆုတောင်း

၁၁-၁၁-၂၀၀၉ရက်တွင် ကျရောက်သော ဒယ်ဒီ **ဒေါက်တာခင်မောင်သိန်း** (I.O.M၊ မော်ကျွန်း)နှင့် မာမီ **ဒေါ်ညိုညိုလွင်**တို့၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုရောက်သည်အထိ ရန့်မပြယ်သော အချစ်များနှင့် တစ်ယောက်ကိုတစ်ယောက် လွှမ်းခြုံရင်း ဆယ့်တစ်ဘဝ ဆယ့်တစ်ကမ္ဘာတိုင် ချစ်ခြင်းပြိုင်၍ လျှောက်လှမ်းနိုင်ကြပါစေ။

ဒယ်ဒီနှင့် မာမီတို့၏ ငွေရတုရလဒ်ချစ်သားများ-

သားကြီး - မင်းကြည်သိန်း

သားလတ် - ဥက္ကာကို

သားငယ် - ခွဲအုပ်စိုး။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးအိမ်ရာနေ
အငြိမ်းစားသံအမတ်ကြီး ဦးသိန်းတိုး-(ဒေါ်မြမြ)တို့၏ သားငယ်

မောင်တင်မောင်လွင် B.E (EP); MOT 2nd Class Part (A)

နှင့်

အထက်မင်းလှမြို့၊ အမှတ်(၄)ရပ်ကွက်နေ
ဦးမောင်မောင်-ဒေါ်ခင်လေးတို့၏ သမီးငယ်

မယဉ်ယဉ်အေး B.Sc (Chem:), B.N.Sc (Nursing)

တို့၏ ၈-၁၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် Western Park-1 ၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်မောင်လွင်-မယဉ်ယဉ်အေး။

မင်္ဂလာဆုတောင်း ... မွေးနေ့ဆုတောင်း

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောသမီး **ဟေမာန်တင်သိန်း** LL.B., LL.M., D.B.L (အထက်တန်းရှေ့နေ) (အောင်ဇမ္ဗူ ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)၏ ၁၁-၁၁-၂၀၀၉ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော ဖေဖေ၊ မေမေ မိသားစုနှင့်အတူ ပျော်ရွှင်သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - ဒုတိယရဲမှူးတင်သိန်း-မေမေ-ဒေါ်တင်တင်ဦး(မန္တလေး)

ဘဘ - ဦးအောင်ကြည်-အန်တီဒေါ်စန်းစန်းထွေး
(ပတ္တမြားရတနာရွှေဆိုင်)၊ ဈေးချို၊ မန္တလေး။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ်(၄၂)၊ အခန်း အမှတ်-၄၂ B-ဂ၊ လေးလွှာ၊ အကျယ်အဝန်း (၁၅ပေ × ၅၂ပေ) ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသူ ဒေါ်နုနုအေး ၁၂/ဗဟန(နိုင်) ၀၆၉၂၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီး ဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A., H.G.P., C.B.L., D.B.L., D.M.L.,
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊
ပထမထပ် (အေ-၅)၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း- ၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀၇-၀၆၇၇။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မခင်မြမြပွင့်မွန်မျိုး ၉/တကန(နိုင်) ၁၄၁၄၂၁သည် မိဘများခွင့်မလွှတ်နိုင်သော အပြုအမူကို လုပ်ဆောင်သွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူ ဖြေရှင်းမပေးပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဦးမျိုးမင်းစိုး-ဒေါ်ခင်မြမြနိုး။

စာအုပ်စာပေ လူ့မိတ်ဆွေ

အောင်မြေသာစံ၌ ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေး

မန္တလေး နိုဝင်ဘာ ၅

မန္တလေး အောင်မြေသာစံမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၉)ရပ်ကွက်နှင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၀ရက် နံနက်က အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ရွှေပြည်စိုးလမ်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

ပညာပေးဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူး ဝင်းကြည်က **(အပေါ်ဝဲပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ အမှတ်(၅)ရဲစခန်း ဒုရဲအုပ်စိန်ဝင်းက မှုခင်းဖြစ်ပေါ်စေနိုင်သော အချက်အလက်များကို ပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မရှင်းလင်းသောအချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။ (၀၉၀)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၄)ရပ်ကွက် မြို့သစ်ရှိ ကျန်စစ်သားလမ်း အရှည်ပေ ၁၁၀၀ ကတ္တရာလမ်းခင်းရန် ဆောင်ရွက်မှုကို အောက်တိုဘာ ၃၀ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကံမမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကံမ-ကဒူးပြင် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် အောက်တိုဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ပြည်သူများအသိပညာတိုးပွားရေး ရေစကြို၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ရေစကြို နိုဝင်ဘာ ၁

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ အောက်တိုဘာ ၁၇ရက် နံနက် ၉နာရီက သံပြာချောင်းကျေးရွာအုပ်စုသို့ ကွင်းဆင်းအသိပညာပေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် ဆေးကုသခြင်းများကို ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်က စာကြည့်တိုက်အကြောင်း သိကောင်းစရာနှင့် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ၊စာငှားစနစ်ကျင့်သုံးရေးကိုလည်းကောင်း၊ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်စန္ဒာအောင်က မီးဖိုချောင်သုံး တိုင်းရင်းဆေးများ အသုံးပြုခြင်းကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ကျေးရွာပြည်သူများအား အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းနှင့် ကျန်းမာရေးဆေးစစ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

မင်းကင်းမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာပတ်ဝိုင်းဆွေးနွေး

မင်းကင်း နိုဝင်ဘာ ၁

မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးရုံးခန်း၌ အောက်တိုဘာ၂၁ရက်က ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကိုကျင်းပရာ ဓာတ်ပုံကျွမ်းကျင်-၂ ဦးခင်မောင်ရီက အောက်တိုဘာ ၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ကိုမြန်မာ၏ မူးယစ်တိုက်ပွဲ အတူနွဲဖို့ အမြဲလက်ကမ်းဆောင်းပါးကိုလည်းကောင်း၊ ရုပ်/သံကျွမ်းကျင်-၃ ဦးတင်ငွေက အောက်တိုဘာ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဒုတိယဗိုလ်မှူးကြီးချစ်နိုင်(ငြိမ်း)၏ ခေတ်သစ်ကိုကြိုဆို ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားပြီး ဖတ်ကြားချက်များကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်အေးက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ (၀၃၃)

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ခရိုင်ရှိ လမ်းဆုံတြိဂံတွင် ပန်းအလှပင်စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပုလဲမြို့၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်

ပုလဲ နိုဝင်ဘာ ၇

ကျေးလက်နေပြည်သူများ အသိပညာမြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကော်မတီဝင်များ၏ အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၈ရက်က ပုလဲမြို့နယ် ပိတောက်ကုန်းကျေးရွာ ငွေသော်တာစာကြည့်တိုက်၌ ကျင်းပသည်။

စနစ်တကျ

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်က စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများ စနစ်တကျရှိရေးအတွက် မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ ထားသိုခြင်းနှင့် ငှားရမ်းခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးလှိုင်က စာကြည့်တိုက်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် စနစ်တကျဆောင်ရွက်ကြရန် မှာကြားပြီး မင်းတိုင်ပင်ရုံးခွဲ ဒုတိယဦးစီးမှူး ဦးမြင့်ဇော်က စာငှားစနစ်အသုံးပြု၍ ရန်ပုံငွေထူထောင်ရေး၊ စာအုပ်စာစောင်တိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

တမူးမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တမူး နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဗိုလ်လုပွဲဘောလုံးပြိုင်ပွဲကို တမူးမြို့ ပြည်သူ့အားကစားကွင်း၌ အောက်တိုဘာ ၁၆ရက် ညနေ ၅နာရီခွဲက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။ ဗိုလ်လုပွဲတွင် တမူးမြို့ ဈေးတန်းရပ်ကွက်အသင်းနှင့် စန္ဒကူးရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဈေးတန်းအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက ပထမရရှိသော ဈေးတန်းရပ်ကွက်အသင်းအား ဆုဖလား၊ ငွေသားကျပ်နှစ်သိန်းနှင့် တစ်ဦးချင်းဆု၊ ဒုတိယဆုရရှိသော စန္ဒကူးရပ်ကွက်အသင်းအား ငွေသားကျပ် ၁၅၀၀၀၀နှင့်တစ်ဦးချင်းဆုများကို မြို့နယ်အတွင်းရေးမှူး ဦးသန်းထွန်းမြတ်က ချီးမြှင့်ပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ဈေးတန်းရပ်ကွက်အသင်းမှ အားကစားသမား ဦးပုန်ဇထန်အား မြို့နယ် အားကစားအရာရှိ ဦးကြွေကျောင်းလူက ချီးမြှင့်သည်။

ထို့နောက် နေရာလိုက် အကောင်းဆုံးအားကစားသမားဆုများကို မြို့ပေါ်လေးရပ်ကွက်ဥက္ကဋ္ဌများက ချီးမြှင့်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ စာငှားစနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင်များတိုးပွားရေးဆွေးနွေး

မန္တလေး နိုဝင်ဘာ ၂

မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံညီညွတ်ရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာအုပ်စာစောင်အသစ်များနှင့် စာဖတ်သူ တိုးပွားလာရေး ဆွေးနွေးပွဲကို အောက်တိုဘာ၁၆ရက် နံနက်၁၁နာရီက ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် ရွှေကံ့ကော် စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုဘိုဟန်က စာငှားစနစ်ကျင့်သုံးရေး၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်တိုးပွားရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေး၊ စံ(၅)ချက်နှင့် ညီညွတ်ရေး ဆွေးနွေးပြီးနောက် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် ဥက္ကဋ္ဌဦးကိုကိုနိုင်က အမှာစကားပြောကြားသည်။

လက်ခံ

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ရွှေကံ့ကော်စာကြည့်တိုက် အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးကျော်ဇေယျထွန်းက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေး မော်ကျွန်း၌ဆောင်ရွက်

မော်လမြိုင်ကျွန်းမြို့ မြို့မ(၅)ရပ်ကွက် အောင်ဇေယျလမ်း လမ်းဘေးဝဲယာ ချုံနွယ်အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အောက်တိုဘာ ၁ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသက်အောင် ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆီ မီး (၉၉၀၀) အဖွဲ့ အင်းစိန်က ကြီးမှူး၍ အင်းစိန်မြို့နယ် ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ညောင်ဦးမြို့နယ် စဥ့်ကူ-မြို့ကုန်းရပ်ကွက်နှင့် ပေပင်ရပ်ကွက်၌ နေထိုင်သူများအား အောက်တိုဘာ ၉ ရက်က ကြက်သား အာဟာရ ဆန်ပြုတ်တိုက်ကျွေးစဉ်။ (၁၁၃)

တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ လည်ပင်းကြီးလူနာများအား အခမဲ့ခွဲစိတ် ကွင်းဆင်းကုသပေး

တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သော လည်ပင်းကြီးလူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်က တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အထူးကုပြင်ပလူနာခန်းမ၌ ကျင်းပသည်။

ခွဲစိတ်ကုသ

အဆိုပါ လည်ပင်းကြီးလူနာများအား အခမဲ့ခွဲစိတ်ကုသမှုအဖွဲ့ကို ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးမှ ပါမောက္ခဌာနမှူး ဒေါက်တာသိန်းထွန်းကကြီးကြပ်၍ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာချိုချိုလွင်နှင့် အထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာသန်းသန်းဌေး၊ ဒေါက်တာမေခင်သိန်း၊ ဒေါက်တာဘုန်းမြင့်ထွန်း၊ ဒေါက်တာစောထူးတာကွယ်နှင့်လက်ထောက်ဆရာဝန် ခြောက်ဦး၊ လက်ထောက်မေ့ဆေး ဆရာဝန်နှစ်ဦး၊ အထက်တန်းသူနာပြုသုံးဦး၊ အကူသူနာပြုနှစ်ဦးပါဝင်ပြီး အဆိုပါအဖွဲ့က အောက်တိုဘာ ၅ရက်မှ ၉ရက်အထိ လည်ပင်းကြီးလူနာများအား အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် တောင်ကြီးခရိုင်နှင့် အနီးပတ်ဝန်းကျင်မြို့များဖြစ်ကြသော ကလော၊ ရှာင်၊ ညောင်ရွှေစသည့် မြို့နယ်များမှ လည်ပင်းကြီးရောဂါဝေဒနာရှင်ပေါင်း ၄၅ဦးအား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မိုးစပါးရော်ဘာသီးညှပ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၀ရက်က မြိတ်မြို့ အင်္ဂမော်ကျေးရွာအုပ်စု မရင်းငယ်ကျေးရွာ တောင်သူဦးဌေးဝင်း၏ ကွင်းအမှတ်(၁၀)၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ ကြည့်ရှုအားပေးကြစဉ်။ (တိုင်း ပြန်/ဆက်)

မြို့နယ်သတင်းများ

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ပျော်ဘွယ်မြို့ ရန်ကုန်-မန္တလေး လမ်းဘေးတစ်လျှောက် မြို့သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံခရိုင် ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်

ကျိုင်းတုံ နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းပေါင်းစုံအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ရက် ညနေ၃နာရီက ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ကျင်းပသည်။

အနိုင်ရရှိ

ဗိုလ်လုပွဲတွင် ရပ်ကွက်(၄)အသင်းနှင့် မိုင်းယန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်(၄)အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်က ပထမဆုရ ရပ်ကွက်(၄)အသင်းအား ဆုဖလား၊ ငွေသားဆုနှင့် တစ်ဦးချင်းဆုကိုလည်းကောင်း**(အပေါ်ယာပုံ)**၊ ခရိုင်အတွင်းရေးမှူး ဦးမောင်မောင်ထွေးက ဒုတိယဆုရ မိုင်းယန်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကိုလည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးဘိုဘိုဦးက တတိယဆုရအိမ်ရာလူငယ်အသင်း၊ အသန့်ရှင်းဆုံးဆုရ တောင်ပေါ်သားအသင်းနှင့် နေရာအလိုက် အကောင်းဆုံးဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ (ခရိုင် ပြန်/ဆက်)

ကောလင်း ဘိုးဘွားရိပ်သာ တည်ဆောက်မှုအတွက်လှူဒါန်းနိုင်

ကောလင်း နိုဝင်ဘာ ၈

ကောလင်းမြို့နယ်အတွင်းရှိ သက်ကြီးရွယ်အို ၅၀အတွက် တည်ဆောက်လျက်ရှိသော ငွေကျပ် သိန်း ၁၂၀၀ကုန်ကျမည့် ဘိုးဘွားရိပ်သာ အဆောက်အအုံမှာ ယခုအခါ ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါဘိုးဘွားရိပ်သာ တည်ဆောက်ရေး၌ကုန်ကျမည့်ငွေ၊ သွပ်၊ သံ၊ ဘိလပ်မြေနှင့် အခြားပစ္စည်းများ၊ ပရိဘောဂများ လှူဒါန်းလိုသူများသည် ဖုန်း-၀၇၅-၄၂၄၁၃၊ ၄၂၁၉၀၊ ၄၂၁၁၂၊ ၄၂၁၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၃၂)

တောင်ကုတ်မြို့နယ် သက္ကယ်ပြင်ကျေးရွာ၌ စာကြည့်တိုက်ဆောက်ရန် ပန္နက်တင်ပွဲကျင်းပ

တောင်ကုတ် အောက်တိုဘာ ၃၁

တောင်ကုတ်မြို့နယ် သက္ကယ်ပြင်ကျေးရွာတွင် နိုင်ငံတော် ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် ရိုးမစွမ်းအင်ကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက် ၁၁နာရီက အဆိုပါနေရာ၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က မင်္ဂလာပန္နက်ရိုက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၄ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဦးက ဒုတိယတန်းမှ ပထမဆုရရှိသူ မောင်နိုင်ထက်ဝင်းအား ဆုချီးမြှင့်စဉ်။ (၁၁၃)

မိုးမောက် ပြန်/ဆက်၌ စာဖတ်ဝိုင်းဆွေးနွေး

မိုးမောက် နိုဝင်ဘာ ၄

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပင်တိုင်စာဖတ်ပရိသတ်သုံးဦးတို့ဖြင့် စာပေဗဟုသုတမြင့်မားရေးအတွက် စာဖတ်ဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၁၃ရက် နံနက် ၁၀နာရီက ကျင်းပသည်။

စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲတွင် စာဖတ်ပရိသတ် ဦးခင်မောင်ဝေက စက်တင်ဘာ ၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်ကျော်ရဲမင်း၏ လမ်းကြောင်းအမှန်ကိုသာ သူတို့ရွေးကြပါလိမ့်မည် ဆောင်းပါးကိုလည်းကောင်း၊ စာထောက်-၃ ဒေါ်မြမြရင်က ဩဂုတ် ၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စဉ်ဆက်မပြတ်ပြုစုပျိုးထောင်၊ ကျေးလက်နေပြည်သူများ ဝိုင်းဝန်းကြိုးပမ်း အယ်ဒီတာ့အာဘော်ကိုလည်းကောင်း၊ အငယ်တန်းစာရေး ဒေါ်သဲနုမိုးက ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၂၄)ပါ စာတည်းမှူး၏ အိမ်နီးချင်းကောင်း ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက ပြန်လည်သုံးသပ် ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်းလုပ်ငန်းဖြစ်သော ကွယ်လွယ်-စကော့ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများစုဆောင်းထားရှိမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မိတ္ထီလာ-တောင်ကြီး ကားလမ်းမှ ကုန်းတောင်းကျေးရွာလမ်း မြေသားလမ်းမှ ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နှင်းဝေနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်တိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကုက္ကိုကျေးရွာ အမက၌ ပညာရည်ချွန်ဆုပေး

စဥ့်ကူး နိုဝင်ဘာ ၅

စဥ့်ကူးမြို့နယ် ကုက္ကိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉ခုနှစ် မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ၁၅ရက် နံနက်၉နာရီက အဆိုပါကျောင်း၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူတို့က တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာ ဂုဏ်ထူးရှင် မသက်နှင်းကျော်နှင့် ၂၀၀၇-၂၀၀၈နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တို့တွင် အတန်းအသီးသီးအလိုက် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ် ကျွဲကန်အုပ်စု အင်တောကျေးရွာတွင် တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်မှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော ကြို့ပင်ကောက်-ဘုကြီးကျေးလက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ်စည်ပင် ကျောက်ချောလမ်းခင်း

သာစည် နိုဝင်ဘာ ၅

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် မိတ္ထီလာ-တောင်ကြီး အဝေးပြေးကားလမ်းမကြီးမှ သာစည်မြို့နယ် ကုန်းတောင်းကျေးရွာအထိ လမ်းအရှည် ပေ၃၀၀၀၊ အကျယ်၁၂ပေရှိ ယခင်မြေသားလမ်းနေရာတွင် ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်ခင်းကျင်းနေမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးမောင်တိုး အောက်တိုဘာ ၄ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်နှင်းဝေက ရှင်းလင်းတင်ပြသည်။ **(၀၉၄)**

ညောင်ဦးခရိုင် ပြန်/ဆက် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ညောင်ဦး နိုဝင်ဘာ ၆

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ စာဖတ်ရှုနိမ့်မြှင့်တင်ရေးအတွက် ဝန်ထမ်းများ စာဖတ်ဝိုင်းကို အောက်တိုဘာ ၂၁ရက် နံနက် ၉နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်း၌ စာဖတ်ဝိုင်းကျင်းပရာ ခိုင်မျိုးညီလာအောင် ရေးသားသည့် ပြည်ထောင်စု၏ ဒီမိုကရေစီ ရှေ့တံခါးကြီးကို အတူဖွင့်ပေးကြမည့်သူများ ဆောင်းပါးကို ဒေါ်ကေခိုင်ဦး ရုပ်သံ ကျွမ်းကျင်-၃ကလည်းကောင်း၊ အောက်တိုဘာ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ ထက်ဦးနိုင် ရေးသားသည့် စည်းလုံးညီညွတ်မှုဖြင့် သက်သေပြရမည် ဆောင်းပါးကို ဒေါ်အေးအေးမူ (အကြီးတန်းစာရေး) က ဖတ်ကြားပြီး ဦးစီးအရာရှိ ဒေါ်တင်မြလွင်ကပြန်လည်သုံးသပ် ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လပွတ္တာမြို့နယ် ဘိုကုန်းကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်

လပွတ္တာ နိုဝင်ဘာ ၆

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့ ဘိုကုန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ရက် နံနက် ၁၀နာရီကကျင်းပသည်။ အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်က စာကြည့်တိုက် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်မြေနေရာတွင် ပန္နက်တိုင်များ စိုက်ထူပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကတ္တရာခင်း

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် စပါးရွှေဝါလမ်း ကတ္တရာ တိုးချဲ့ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အောက်တိုဘာ ၂၃ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြင်းမူမြို့၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မြင်းမူ နိုဝင်ဘာ ၆

မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးစီး၍ နိုဝင်ဘာ ၁၁ရက်တွင် ကျရောက်မည့် (၈၉)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို နိုဝင်ဘာ ၇ရက် နံနက် ၇နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။ ***(၀၃၅)***

မြို့နယ် သတင်းများ

အကြိမ် (၇၀)မြောက် သွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့ (အင်းစိန်)မှ လူမှုထူးချွန် ဒုတိယဆင့် ဒုရဲအုပ် ဇော်လေးဦး **(အပေါ်ပုံ)** သည် အောက်တိုဘာ ၂၀ရက်က တပ်မတော်သားဖွားမီးယပ်နှင့်ကလေးအထူးကုဆေးရုံကြီး ခုတင်(၃၀၀) မင်္ဂလာဒုံတွင် အကြိမ် (၇၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၁၃)**

အမည်ပြောင်း

အဖဦးမျိုးသန့်၏သမီး ပုသိမ်မြို့ အလက(၆) ကျောက်ငူရပ် စတုတ္ထတန်း(A)မှ မဆုပြည့်သန့်အား ယနေ့မှစ၍ မဆုပြည့်စုံဟုပြောင်းလဲခေါ်ပါရန်။

ဖြူးဆရာတော် ပြည်ပသို့ဆေးကုသခံယူရန် ကြွတော်မူခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာနနာယကပြည်တွင်း၊ပြည်ပ မဟာစည်နာယက ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓဇဓမ္မာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနန္ဒရပတိ အရှင်သူမြတ်သည် ကျန်းမာရေးဆေးကုသခံယူရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ၃-၁၁-၂၀၀၉ရက် (၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်)(အင်္ဂါနေ့)တွင် လေကြောင်းခရီးဖြင့် ကြွတော်မူပါသည်။

ဘေသဇ္ဇဒါနလှူဒါန်းလိုသူများ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ (၁၈၁)၊ ၀၉-၅၀၁-၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမည်ပြောင်း

အဖဦးထွန်းသိုက်၏သား အထက ကျုံကူး တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကောင်းဇံသိုက်အား မောင်ကျော်သီဟဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ကားရောင်းမည်

၁။ နယူးဖူဆိုလေအိတ်ကား (၂ခ/ လေးထောင်ကျော် HDC-10)

၂။ ဟွန်ဒိုင်း 6-D. 1-6 (၄က/ ကိုးထောင်ကျော်)

ဆက်သွယ်ရန် ဖုန်း-၀၄၂-၂၄၁၁၆၊ ၀၉-၅၂၀-၁၁၁၆၊ ၀၉-၅၂၀-၁၁၅၂။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အများသိစေရန်ကြေညာခြင်း

မြိတ်မြို့ နောက်လယ်၃လမ်းနေ အဖ ဦးအောင်မြင့်၏သား ဦးတင်မြင့် ၁၂/လမတ(နိုင်) ၀၂၂၆၆၅က အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ အထဲစုနေ အဖ ဦးဒါဝတ်ဇီ၏သမီး မအေးမိစံ ၆/မအရ(နိုင်) ၀၉၃၆၃၃အား မြိတ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကိုယ်စားလှယ် လွှဲအပ်ပေးခဲ့ပါသည်။ သို့ပါ၍ မအေးမိစံ ၆/မအရ(နိုင်)၀၉၃၆၃၃ အား လွှဲအပ်ထားသောကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးတင်မြင့်။

ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး စောင့်ရှောက်ရေးအဖွဲ့

အလှူတော်ငွေပေးအပ်ပွဲ ဖိတ်ကြားလွှာ

နာဂစ်လေမုန်တိုင်းကြောင့် ရွှေကျင်ဗိမာန်တော်ကြီး၏ ဘုံဆင့်များ၊ ပန်းဆွဲများ၊ မြန်မာမှုများ ပျက်စီးသွားခဲ့ရာ ပထမဘုံနှင့် ဒုတိယဘုံအဆင့်များကို မြန်မာမှုအနုပညာလက်ရာများဖြင့် ပြန်လည်တပ်ဆင်နေပါသည်။ ဆဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲကို ၁၄-၁၁-၂၀၀၉ရက်နှင့် သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲကို ၂၈-၁၁-၂၀၀၉ရက် နံနက်၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်လှူဒါန်းနိုင်ကြပါသည်။

ဗိမာန်တော်ကြီး၌ တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၉နာရီမှ ညနေ၃နာရီအထိ အလှူခံဌာန ဖွင့်လှစ်ထားပါသည်။ ကြွရောက်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန်ဖုန်း- ၃၈၀၈၈၂။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

⁕ VOA, BBC - ရန်တိုက်ပေးနေသည်။
⁕ RFA, DVB - သွေးထိုးနေသည်။
⁕ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
⁕ နားမယောင်လေနဲ့ သတိထား။

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများ၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၀

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းမှု အစီအစဉ်များပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အထူးဒေသ(၁)(NDAK)အဖွဲ့၏ နယ်ခြားစောင့်တပ်များကို *စာမျက်နှာ ၅ ကော်လံ ၁* ■

ကချင်ပြည်နယ် လုပီဒေသ၌ ကချင်ပြည်နယ် အထူးဒေသ(၁) (NDAK) အဖွဲ့၏ နယ်ခြားစောင့်တပ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အသစ်ဖွင့်လှစ်သည့် တပ်နေရာ၌ နိုင်ငံတော်အလံလွှင့်တင်ခြင်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိမ်အသင့် အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။